မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး UNICEF မှ Deputy Executive Director အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ Deputy Executive Director Ms. Hilde F. Johnson အား ယနေ့ ညနေ ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ Deputy Executive Director Ms. Hilde F. Johnson နှင့်အတူ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

တိုင်းရင်းသားများ ပေါင်းစည်းယှက်နွယ် ချစ်ကြိုးသွယ်နိုင်စေရန် ပေါက်မြို့နယ်၌ အမှတ်(၁)ပေါက်တံတား(အုန်းတော)ဖွင့်လှစ်ပေးခဲ့ပြီ

ရန်ကုန် မေ ၂၅

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ စီးပွားရေးအခြေခံအဆောက်အအုံ ပြည့်စုံကောင်းမွန်ရန်နှင့် နိုင်ငံတော်တစ်ဝန်းရှိ တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းယှက်နွယ် ချစ်ကြိုးသွယ်ရန်မှာလည်း နယ်မြေဒေသအားလုံးတွင် လမ်းမကြီးများ၊ တံတားကြီးများ ဖောက်လုပ်၊ တည်ဆောက်ပေးခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

သတင်းမှတ်စု-တင်မာဝင်းနှင့်အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂၆ ရက်)

အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး အမျိုးသားပညာရေးအလေးအနက်သိမြင် အရည်အသွေးထက်မြက်မြင့်မားရေး အပတ်တကုတ်ကြိုးပမ်းစွမ်းဆောင်

ယနေ့ကာလတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ထူထောင်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းကို ချမှတ်ပြီး အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၏ မျှော်မှန်းချက် (၁၂)ရပ်ကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ၊ နည်းပညာအသုံးပြုမှုဆိုင်ရာကဏ္ဍ၊ သုတေသနလုပ်ငန်းဆိုင်ရာကဏ္ဍ၊ စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ၊ ပညာရည်အဆင့်မြင့်တင်မှုဆိုင်ရာကဏ္ဍ၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကဏ္ဍများအဖြစ် ကဏ္ဍ(၆)ရပ် ပိုင်းခြားပြီး စနစ်တကျ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

တိုင်းရင်းသားအားလုံးအတွက် ပြည်ထောင်စုနယ်မြေအသီးသီးတွင် အဆင့်မြင့်ပညာသင်ယူနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်မှုများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများ၊ တိုးမြှင့်သင်ကြားမှုများ၊ မဟာဘွဲ့မှပါရဂူဘွဲ့အထိ သင်တန်းများတိုးချဲ့ဖွင့်လှစ်မှုများဖြင့် အဆင့်မြင့်ပညာကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးအတွက် ခေတ်နှင့်အညီ လိုအပ်သောပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများကို တစ်နိုင်ငံလုံးဖြန့်ကြက်လွှမ်းခြုံ ဖြည့်ဆည်းပေးထားသည်။

ယနေ့အချိန်အခါတွင် နယ်မြေဒေသများအလိုက်ရရှိနေသည့် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းရေး၊ ပိုမိုရှင်သန်ခိုင်မြဲစေရေးအတွက် လက်ဆင့်ကမ်းတာဝန်ယူသွားကြမည့် မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေး ကိုယ်ခံစွမ်းအားများ ပြည့်ဝနေစေရေး ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

အသိပညာရှင်များ၊ အတတ်ပညာရှင်များသည် မျက်မှောက်ကာလ သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့်ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုကို ကြုံတွေ့နေကြရချိန်တွင် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာ၊ကိုယ်ပိုင်စံနှုန်းများနှင့် ရပ်တည်လာခဲ့သည့် မိမိတို့နိုင်ငံ၏ အမျိုးသားရေးရပ်တည်ချက်အပေါ်၌ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသားပညာရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကို အလေးအနက်သိမြင်ပြီး တစ်ဦးချင်းအရည်အသွေးများ ထက်မြက်မြင့်မားစေရေးအတွက် ဆရာ ဆရာမများက အပတ်တကုတ်ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးစနစ် ပုံမှန်ဖြစ်ရေးဆောင်ရွက်

ရန်ကုန် မေ ၂၅

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများသည် မေ ၅ ရက် နံနက် ၈ နာရီက ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာရှိ ရေစက်ရုံများသို့သွားရောက်၍ နွေရာသီတွင် မြို့ရေပေးရေး စနစ်ပုံမှန်ဖြစ်ရေးအတွက် မြို့ရေပေးရေး အရန်မီးစက်နှင့် လက်ရှိရေပေးရေး အတွက် အသုံးပြုနေသော စက်ရေတွင်းများကြံ့ခိုင်ရေး၊ ရေပို့စက်များ၏ စွမ်းဆောင်မှု အခြေအနေများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟုမ္မလင်းမြို့၌ စီမံကိန်းတာဝန်ပေးအပ်

ဟုမ္မလင်း မေ ၂၅

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၁၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခေတ္တမြို့နယ်ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညွန့်ဇော်တက်ရောက် အမှာစကား ပြောကြားသည်။

အကောင်အထည်ဖော်

အခမ်းအနားတွင် မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဦးဌေးဦးက စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်ရေး အခြေအနေကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများနှင့် ကျေးရွာဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များကို ခေတ္တမြို့နယ်ဥက္ကဋ္ဌက ပေးအပ်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၆-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မိုးချစ်တပ်မတော်
၅း၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၀	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	ကလေးတို့ကမ္ဘာ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (ဇာတ်သိမ်းပိုင်း)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့် ကျွန်ကျောင်း** (အပိုင်း-၁၂)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးများ သီတဂူတိပိဋကအာယုပါလ တိုက်နယ်ဆေးရုံဖွင့်ပွဲသို့တက်ရောက်

နေပြည်တော် မေ ၂၅

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် မေ ၁၈ ရက်က စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ခွက်ခွင်းစံပြကျေးရွာ၌ကျင်းပသည့် သီတဂူတိပိဋက အာယုပါလ တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ တာဝန်ရှိသူများက တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် တိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ဆေးရုံဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထောက်ပံ့

ထို့နောက် တိုင်းမှူးက ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးက အဝတ်အထည်၊ ဇီဝဘက်ထရီနှင့် အားကစားပစ္စည်းများ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက သတင်းစာ၊ ဂျာနယ်နှင့် စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

ကင်ဆာဖောင်ဒေးရှင်းသို့ငွေလှူဒါန်း

Mr. Scott Terry and Ms. Nicole Hermes မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အမေရိကန်ဒေါ်လာ တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

စာကြည့်တိုက်ပညာသင်တန်း ဗဟန်းမြို့နယ်၌ဖွင့်လှစ်

ရန်ကုန် မေ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြသခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးနေဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ (ဝဲပုံ)

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၂ဦး တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

နယ်စပ်ဒေသနေ တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များ ဖွံ့ဖြိုးရေးနှင့် ဘဝရပ်တည်နိုင်ရေး စာပေသင်ကြားမှုအပြင် သက်မွေးဝမ်းကျောင်းပညာ ဆည်းပူးနိုင်ရန် စီစဉ်ပေးနေ

သင်တန်းဆင်းကျောင်းသားများ ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်

နေပြည်တော် မေ ၂၅

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲနှင့် အေဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအမံများ ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက် ပညာသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသ ကလေးသူငယ်များအတွက် ပညာရေး အခွင့်အလမ်းများ ဖြစ်ပေါ်လာစေရအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးသည့် တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၈ ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း။

လေ့ကျင့်သင်ကြား

နယ်စပ်ဒေသနေ တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များဖွံ့ဖြိုးရေးအတွက် စာပေပညာသင်ကြားမှုအပြင် သက်မွေးဝမ်းကျောင်းပညာဆည်းပူး၍ ဘဝရပ်တည်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသူအမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၃၄ ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများကို စရိတ်ငြိမ်း သင်ကြားပေးလျက်ရှိရာ ယနေ့အထိ သင်တန်းသူ ၃၀၄၀၅ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် အခြေခံပညာ မပြီးမြောက်သည့် တိုင်းရင်းသား လူငယ်များအတွက် လက်သမား၊ ပန်းရန်၊ မော်တော်ယာဉ်စက်ပြင်၊ လျှပ်စစ်ဂဟေဆက် စသည့် သက်မွေးပညာရပ်များ သင်ကြားပေးရန် လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့များ၌ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

လမ်းညွှန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စောင့်ထိန်းကာကွယ်ရမည့် တာဝန်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ အမျိုးသားရေး တာဝန်ပင်ဖြစ်သည်"**ဟု ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာပေးပို့ရာ၌ လမ်းညွှန်ခဲ့ကြောင်း။

မျှော်လင့်ထား

ကျောင်းဆင်းကျောင်းသားများသည် ပြည်ထောင်စုစိတ်ဓာတ် အမြဲရှင်သန်ထက်မြက်နေကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်ကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်၍ မိမိတို့ဇာတိရပ်ရွာ နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝ ထက်သန်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရတော့မှာ ဖြစ်ကြောင်း၊ အမိဒီဂရီကောလိပ်၏ထူးခြားမွန်မြတ်သည့် ရည်မှန်းချက်များ၊ နိုင်ငံတော်က မိမိတို့အပေါ် မျှော်လင့်ထားသည့် မျှော်လင့်ချက်များကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ရန် ကြိုးစားရမည်မှာ ယနေ့ကျောင်းဆင်းကျောင်းသားတို့၏ တာဝန်ပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက ဝိဇ္ဇာဘာသာထူးချွန်ဆုရ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့မှ ရှမ်းတိုင်းရင်းသား မောင်ပြည့်စုံဖြိုး၊ သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် နမ့်ခမ်းမြို့မှ ပလောင်တိုင်းရင်းသား မိုင်းညီဇော်လှအောင်၊ အင်ဂျင်နီယာဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့မှ အာခါတိုင်းရင်းသား မောင်ဆာဘော့တို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အဘိဓမ္မာ(ရိုးရိုး) သုံးဆင့်၌ ဒုတိယဆု၊ တိုင်းအဆင့် အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲ တတိယအဆင့်၌ တတိယဆုရ တတိယနှစ်သိပ္ပံမှ ပလောင်တိုင်းရင်းသား မောင်မိုင်းညီဇော်လှအောင်နှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အဘိဓမ္မာ (ရိုးရိုး)သုံးဆင့်၌ တတိယဆု၊ တိုင်းအဆင့် အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲသုံးဆင့်၌ ဒုတိယဆုရ တတိယနှစ်သိပ္ပံမှ ချင်းတိုင်းရင်းသား မောင်ယောမ့်ဟုမ်းထန်းတို့အား ဆုချီးမြှင့်သည်။

နှုတ်ဆက်

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် သင်တန်းဆင်းကျောင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသားများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၈-၂၀၀၉ပညာသင်နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာတွဲ ၁၅ဦး၊ သိပ္ပံတွဲ ၄၉ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၃၆ဦး စုစုပေါင်း ၁၀၀ ဖြစ်သည်။

ယင်းတို့အနက် ကချင်တိုင်းရင်းသား သုံးဦး၊ ကယန်း တိုင်းရင်းသား လေးဦး၊ ချင်းတိုင်းရင်းသား ၂၂ဦး၊ ဓနုတိုင်းရင်းသား ငါးဦး၊ နာဂတိုင်းရင်းသား ခုနစ်ဦး၊ ပလောင်တိုင်းရင်းသား ၁၆ဦး၊ ပအိုဝ်းတိုင်းရင်းသား နှစ်ဦး၊ ရှမ်းတိုင်းရင်းသား ၂၇ဦး၊ လီဆူးတိုင်းရင်းသားနှစ်ဦး၊ 'ဝ'တိုင်းရင်းသား တစ်ဦး၊ အာခါတိုင်းရင်းသား သုံးဦး၊ အင်းသား တိုင်းရင်းသား ရှစ်ဦး စုစုပေါင်း ၁၀၀ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ်(၈)တွင် ဝိဇ္ဇာဘာသာထူးချွန်ဆုရ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့မှ ရှမ်းတိုင်းရင်းသား မောင်ပြည့်စုံဖြိုး။

(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ်(၈)တွင် သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့မှ ပလောင်တိုင်းရင်းသား မိုင်းညီဇော်လှအောင်။

(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ်(၈)တွင် အင်ဂျင်နီယာဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့မှ အာခါတိုင်းရင်းသား မောင်ဆာဘော့။

(သတင်းစဉ်)

မြန်မာနှင့်ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်သွယ်မှုလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရေး

တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့ ပူးပေါင်း၍ မေ ၂၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီခွဲတွင် ကုန်သည်စက်မှုအသင်းချုပ်၌ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်သည်။

ဆွေးနွေးမည်

အဆိုပါတွေ့ဆုံပွဲသို့ ထိုင်းနိုင်ငံမှ ဆောက်လုပ်ရေးပစ္စည်းများနှင့် စက်ကိရိယာများ၊ ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ၊ သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ၊ မော်တော်ပစ္စည်းများ၊ ကားနှင့်မော်တော်ဆိုင်ကယ် ဘက်ထရီပစ္စည်းများ၊ လျှပ်စစ်ဝိုင်ယာကြိုးများနှင့် အခြားပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းများနှင့် အခြားပစ္စည်းများ စသည်တို့နှင့်သက်ဆိုင်သည့် ကုမ္ပဏီ ၄၃ခုတို့လာရောက်၍ မြန်မာ-ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား နမူနာပစ္စည်းပြသခြင်း၊ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးခြင်းတို့ ပြုလုပ်မည်ဖြစ်သည်။ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများအတွက် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

စုံစမ်းနိုင်

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် အသင်းချုပ် UMFCCI IRD ဌာန ဖုန်း-၂၁၄၃၄၄-၄၉၊ Ext-၂၀၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဖဂန်နစ္စတန် ပါကစ္စတန်နှင့်အီရန်နိုင်ငံတို့ သုံးနိုင်ငံအစည်းအဝေးကျင်းပ

ကဘူးလ် မေ ၂၅

အာဖဂန်နစ္စတန် သမ္မတ ဟာမစ်ကာဇိုင်းသည် အိမ်နီးချင်းသုံးနိုင်ငံ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် မေ ၂၄ ရက် နံနက်ပိုင်းက အီရန်နိုင်ငံသို့ ထွက်ခွာကြောင်း နေ့စဉ်သတင်းစာ၌ဖော်ပြသည်။

ဆွေးနွေး

ယင်းအစည်းအဝေး၌ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့၏ ဒေသတွင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်နှင့် အာဖဂန်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးကဏ္ဍများကို သုံးနိုင်ငံမှ အကြီးအကဲများ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

လက်ခံကျင်းပ

၄င်းသုံးနိုင်ငံ ထိပ်သီးအစည်းအဝေးကို အီရန်နိုင်ငံတီဟီရန်မြို့၌ လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ပြွန်တက်ခ်မြို့ရှိ မော်တော်ကားထုတ်လုပ်သည့် လုပ်ငန်းခွင်ကို မေ၂၄ရက်ကတွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နီပေါဝန်ကြီးချုပ်သစ်အဖြစ် မဒက်ကူးမားနီပေါ ရွေးချယ်ခံရ

ခတ္တမန္ဒူ မေ ၂၅

နီပေါပါရင့် ကွန်မြူနစ်ခေါင်းဆောင် မဒက်ကူးမားနီပေါအား မေ၂၃ရက်က ကန့်ကွက်ဆန့်ကျင်သူမရှိ နီပေါဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ထိုအခါ နီပေါနိုင်ငံ၌ ရက်သတ္တသုံးပတ်နီးပါး နိုင်ငံရေးအကျပ်အတည်းမှာ အဆုံးသတ်သွားသည်။

အသက်၅၆နှစ်ရှိ မဒက်ကူးမားနီပေါမှာ ဝန်ကြီးချုပ်ရာထူးအတွက် အမည်စာရင်းတင်သွင်းသည့် တစ်ဦးတည်းသောသူဖြစ်သည်။ မော်ဝါဒီများက မဲခွဲဆုံးဖြတ်ရေးအစီအစဉ်ကို သပိတ်မှောက်ထားပြီး အစိုးရအဖွဲ့သစ်တွင် မပါဝင်ဟု ကြေညာထားသည်။

မေ ၂၃ ရက်က ပါလီမန်အစည်းအဝေးသို့ ကြားဖြတ်အစိုးရဝန်ကြီးချုပ်နှင့် မော်ဝါဒီထိပ်တန်းခေါင်းဆောင် ပရာချန်ဒါနှင့် မော်ဝါဒီဒုတိယခေါင်းဆောင် ဘာဘူရမ်ဘာတာရိုင်းတို့ မတက်ရောက်ကြဟု ဆိုသည်။

အမ်အင်န်အေ၊ပီတီအိုင်

တရုတ်နိုင်ငံ ကျိုကျန်းပြည်နယ်ရှိ ရီဝမ်ခြေအိတ်ထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်ကို မေ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကူဝိတ်ရောက် ကန်တပ်ဖွဲ့ဝင်အချို့ A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားနေ

ကူဝိတ် မေ ၂၅

ကူဝိတ်နိုင်ငံရောက် အမေရိကန်တပ်ဖွဲ့ဝင် ၁၈ ဦးမှာ A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသဖြင့် ပင်လယ်ကွေ့ အာရပ်ရေနံရောင်းဒေသအတွင်းတွင် ထိုရောဂါဖြစ်ပွားမှု ပထမဆုံးဖြစ်ကြောင်း ကူဝိတ်အစိုးရအရာရှိတစ်ဦးက မေ ၂၄ ရက်တွင် ပြောကြားသည်။

အတည်ပြု

ကူဝိတ်စစ်စခန်းသို့ အမေရိကန်နိုင်ငံမှ ရောက်ရှိလာကြသည့် အဆိုပါ တပ်ဖွဲ့ဝင်များတွင် A(H1N1) တုပ်ကွေးရောဂါဖြစ်နေကြောင်း အတည်ပြုနိုင်ခြင်းဖြစ်သည်ဟု အဆိုပါအရာရှိက ပြောကြားသည်။

ပြောကြား

အီရတ်နိုင်ငံအတွင်း တိုက်ပွဲဝင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကူဝိတ်နိုင်ငံသည် ထောက်ပို့စခန်းတစ်ခုဖြစ်သည်။ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များမှာ ကူဝိတ်ပြည်သူများနှင့် ကူးလူးဆက်ဆံမှု တစ်စုံတစ်ရာမရှိဟုလည်း ၄င်းက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း၄၃၀၀ ရှိပြီ

ဘဂ္ဂဒက် မေ ၂၅

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး တိုက်ပွဲပြင်ပတွင် သေဆုံးကြောင်း အမေရိကန်စစ်ဘက်က မေ၂၃ရက်က ကြေညာသည်။ ဘဂ္ဂဒက်မြို့အတွင်း မေ၂၂ရက်က အဆိုပါတပ်ဖွဲ့ဝင်သေဆုံးကြောင်းကိုသာဖော်ပြပြီး စစ်ဘက်ကြေညာချက်တွင် ဆက်လက်၍ အသေးစိတ်ထုတ်ဖော်ခြင်းမပြုကြောင်း ဆင်ဟွာသတင်းတွင်ပါရှိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေကြောင်းကိုမူ အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

ဖော်ပြ

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်ပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေစုစုပေါင်း ၄၃၀၀ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တာလီဘန် စစ်သွေးကြွများ ပြည်သူ့ကြားမဝင်နိုင်ရေး အစိုးရက ဟန့်တားရန် တိုက်တွန်း

အစ္စလမ္မာဘတ် မေ ၂၅

မအေးချမ်းတော့သည့် ဆွတ်တောင်ကြားဒေသမှ လွတ်မြောက်ထွက်ပြေးရန် တာဘီဘန်စစ်သွေးကြွများသည် ပြည်တွင်းအိုးမဲ့အိမ်မဲ့ဖြစ်ရသူများအဖြစ် သဏ္ဌာန်ဆောင်နေကြကြောင်း ပါကစ္စတန် အမတ်များက မေ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

ဝင်ရောက်လာ

ပါကစ္စတန်နိုင်ငံ၏ ပိုမိုအခြေကျနေပြီဖြစ်သော ပြည်သူများအကြားသို့ တာလီဘန် စစ်သွေးကြွများ အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်းကို ဟန့်တားရန် အမတ်များက ပါကစ္စတန်အစိုးရအား တိုက်တွန်းနှိုးဆော်လိုက်သည်။

(အင်တာနက်)

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှုးမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့၌ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ၌ ဒဏ်ရာရရှိသူများ ဆေးဝါးကုသမှုခံယူနေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



အာဖဂန်နစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ကဘူးလ် မေ ၂၅

အသေခံဗုံးဖောက်ခွဲသူတစ်ဦးက အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်၌ မေ ၂၃ ရက်တွင် စစ်ဘက်မော်တော်ယာဉ်တန်းတစ်ခုအနီး အသေခံဗုံးဖောက်ခွဲသဖြင့် အရပ်သားအများအပြား သေဆုံးပြီး အခြား ၁၇ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်အာမာဒီက ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲ

ယင်းနေ့ညနေ ၆ နာရီတွင် မော်တော်ဆိုင်ကယ်စီးနင်းလာသူတစ်ဦးက ဂျာရီရှက်မြို့ရှိ အာဖဂန်နှင့် နိုင်ငံတကာတပ်ဖွဲ့၏ မော်တော်ယာဉ်တန်းအနီးတွင် အသေခံဗုံးဖောက်ခွဲသဖြင့် အရပ်သား ၁၂ ဦးသေဆုံးပြီး အခြား၁၇ဦး ဒဏ်ရာရသည်ဟု အာမာဒီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပိုမိုမြင့်မား

၄င်းက နိုင်ငံတကာတပ်ဖွဲ့ဝင်များသေဆုံးမှုနှင့် ပတ်သက်၍ ပြောကြားခြင်းမရှိပေ။ ဗြိတိသျှတပ်ဖွဲ့ဝင် ၈၀၀၀ ကျော် အာဖဂန်တွင် တာဝန်ထမ်းဆောင်နေကြပြီး အများစုမှာ ဟယ်လ်မန့်ပြည်နယ်တွင်ဖြစ်သည်။ သေဆုံးသူစာရင်း ပိုမိုမြင့်မားနိုင်သည်ဟု ဒေသခံများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

A(H1N1) ပိုင်းရပ်စ် စပိန်တပ်စခန်း၌တွေ့ရှိ တပ်ဖွဲ့ဝင် ၅၀၀ကျော် သီးသန့်ထားစောင့်ကြည့်

မက်ဒရစ် မေ ၂၅

စပိန်နိုင်ငံမက်ဒရစ်မြို့အနီးရှိ ဟိုရိုဒီ မန်ဇန်ရက် တပ်စခန်းမှ တပ်ဖွဲ့ဝင် ၅၀၀ကျော်အနက် ၁၁ဦးတွင် A(H1N1)တုပ်ကွေးဗိုင်းရပ်စ်ပိုးတွေ့ရှိသဖြင့် တပ်ဖွဲ့ဝင် ၅၀၀ကျော်တို့ကို ယခုအခါ သီးသန့်ထားရှိလိုက်ကြောင်း စပိန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မာရီယာ ဖာနန်ဒက်က မေ ၂၂ ရက်တွင်ပြောကြားသည်။

အခြားသောတပ်ဖွဲ့ဝင် ၆၁ ဦးကို စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

စုံစမ်း

အဆိုပါ A(H1N1)တုပ်ကွေးဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ၁၁ ဦးမှာ မက္ကဆီကိုနိုင်ငံသို့ မကြာသေးမီက သွားရောက်ခဲ့ခြင်းမရှိကြောင်း၊ ထို့ကြောင့် မည်သည့်နေရာကစတင်ကူးစက်ရသည်ကို စုံစမ်းလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် မေ ၂၅

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သရုပ်ပြစိုက်ပျိုးပြသခြင်း အခမ်းအနားကို မေ ၁၈ရက် နံနက် ၈နာရီခွဲက တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အသုံးဝင်ပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သစ်ပင်မျိုးစုံတို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြပြီး သစ်ပင်စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ဆုချီးမြှင့်

ရန်ကုန် မေ ၂၅

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ၂၁ရက်က မြို့နယ်စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကော်မတီဝင် သင်တန်းသား ၅၃ဦး တက်ရောက် လေ့လာခဲ့ကြသည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၆)၊ အမှတ်(၂)ထုတ်ဝေ

ရန်ကုန် မေ ၂၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ(၆)၊အမှတ်(၂)ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) (၁၀)နှစ်ပြည့် အထိမ်းအမှတ် အထူးထုတ်အဖြစ် ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေသည်။

ဖော်ပြပါရှိ

ဤဂျာနယ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၏ နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ သတိပြုဖွယ်၊ ဦးလှမြင့်ဦး၏ အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ဦးစိုးဦး၏ (၁၄)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီး၏ နည်းပညာအစည်းအဝေးနှင့် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့ အစည်းအကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေး၊ ဦးညီထွန်း၏ (၁၀)နှစ်တာ ခရီးအား မှတ်တမ်းတင် ဂုဏ်ပြုခြင်း၊ ဦးကျော်အောင်၏ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ (၁၀) နှစ်တာကာလအတွင်း တက္ကသိုလ်သို့ ကြွရောက်လမ်းညွှန်မှုမှတ်တမ်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူရ၏ မီးသတ်ဦးစီးဌာန ဖွံ့ဖြိုးတိုးတက်မှု၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်၏ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနလုပ်ငန်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် စပ်လျဉ်းသော ဓာတ်ပုံများ၊ ဆောင်းပါးများ စသည့် နိုင်ငံ့ဝန်ထမ်းများ သိမှတ်ဖွယ်ရာနှင့်ပြည်သူများ ဖတ်ရှုလေ့လာနိုင်ဖွယ်ရာ ဆောင်းပါးများ ဖော်ပြပါရှိသည်။ ပုံမှန်ပါရှိနေကျဖြစ်သော နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ အမှတ်တရ ပုံရိပ်ကဏ္ဍနှင့် အထွေထွေကဏ္ဍတို့ ဖော်ပြပါရှိပြီး စာမျက်နှာ ၂၃၅မျက်နှာ ပါရှိသည်။

ဝယ်ယူနိုင်

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ရုံးအမှတ် ၁၇နှင့် ဝင်းသူဇာအရောင်းဆိုင်များ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ နေပြည်တော်ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက် (ဆူးလေဘုရားလမ်း)၊ စာပေဗိမာန်စာအုပ်ဆိုင် (ကုန်သည်လမ်း)တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၇၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မေ ၂၀ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော လသာမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် မြို့နယ်သမဝါယမအသင်းစုဖွဲ့စည်းရေး အခမ်းအနားတွင် ရွေးချယ်ခံရသော မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးအောင်လှ ဦးဆောင်သော အမှုဆောင်ကိုးဦးတို့က သဘာပတိ ဦးအောင်မင်းရွှေ၌ ကတိသစ္စာခံယူကြစဉ်။ (၁၀၆)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ နာဂစ်မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးအစီအမံ၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ၂၀၀၈ ခုနှစ် ဩဂုတ် ၁၅ရက်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာနှင့် လိုက်လျောညီထွေ ပါဝင်အထောက်အကူပြုနိုင်ရေး ရည်မှန်းချက်ဖြင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ကြီးမှူးကာ နာဂစ်မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး အစီအမံ(PONREPP)ကို ရေးသားပြုစုကာ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၉ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တရားဝင်ဖြန့်ဝေခဲ့သည်။

ကျင်းပ

ဖော်ပြပါ PONREPP စီမံချက်၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများပြုလုပ်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မေ၂၁ရက်တွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့မှ သုံးပွင့်ဆိုင်အဖွဲ့ဝင်များ၊ နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံ သံအမတ်ကြီးများ၊ အလှူရှင် နိုင်ငံများမှ သံအမတ်ကြီးများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

အမှာစကားပြောကြား

ဆွေးနွေးပွဲတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ**(အပေါ်ပုံ)**၊ အာဆီယံ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဒေါက်တာဝီလီယံဆာဘန်းဒါး၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဝင် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဒေါက်တာဘီရှိုးပါရာဂျူလီတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ဆွေးနွေးပွဲတွင်နာဂစ်အလွန်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နိုင်ငံတကာမှ အကူအညီအထောက်အပံ့များကို ထိရောက်အကျိုးရှိစွာ အသုံးပြုရေး၊ မြန်မာနိုင်ငံတော်အစိုးရ၏ ပြန်လည်ထူထောင်ရေး မဟာဗျူဟာနှင့် ပွန်ရက်ပ်အစီအမံတို့ ဆက်စပ်ဆွေးနွေးမှုနှင့် မြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာနှင့် ပွန်ရက်ပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ လိုက်လျောညီထွေ အထောက်အကူပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ စသည့် ခေါင်းစဉ်များဖြင့် အပိုင်းသုံးပိုင်းခွဲကာ ဆွေးနွေးခဲ့ကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက မြန်မာအစိုးရကိုယ်စားပြု၍ လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာမာ့ခ်ကန်နင်းက အလှူရှင်နိုင်ငံများ ကိုယ်စားပြု၍ လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချူက အာဆီယံနိုင်ငံများ ကိုယ်စားပြု၍လည်းကောင်း၊ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဒေါက်တာဘီရှိုးပါရာဂျူလီက ကုလသမဂ္ဂကိုယ်စားပြု၍လည်းကောင်း၊ မစ္စတာအန်ဒရူးကန်ဝုဒ်က နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ကိုယ်စားပြု၍လည်းကောင်း၊ ပြည်ကြီးခင်အဖွဲ့မှ ဒေါ်နွယ်ဇင်ဝင်းက ဒေသတွင်း အစိုးရမဟုတ်သည့် အဖွဲ့များ ကိုယ်စား လည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

ကြိုဆိုထောက်ခံ

ပွန်ရက်ပ်စီမံချက်ကို ရည်မှန်းထားသည့်အတိုင်း ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်အဓိကတာဝန်ရှိသည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အား ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ အတွင်းက ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ၂၀၁၀ ပြည့်နှစ် ဇူလိုင်လအထိ သက်တမ်းတိုးမြှင့်ခဲ့ခြင်းအပေါ် ဆွေးနွေးပွဲ တက်ရောက်လာသူများက တညီတညွတ်တည်း ကြိုဆိုထောက်ခံခဲ့ကြသည်။

(သတင်းစဉ်)

ကုန်ပစ္စည်းသစ်မိတ်ဆက်၊ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် မေ ၂၅

Myanmar Belle Co.,Ltd.က တင်သွင်းသော ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၂၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

အဖွင့်အမှာစကား

ရှေးဦးစွာMyanmar Belle Co.,Ltd. Managing Director ဦးရဲမြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး Brand Manager မနှင်းပွင့်ဖြူက Skin Problem များနှင့် Supreme Product များအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

အစီအစဉ်အရ Skin Talk Show တွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များဖြစ်ကြသော စိုးမြတ်သူဇာ၊ မြပွင့်ဖြူနှင့် ရုပ်ရှင်သရုပ်ဆောင်လွင်မိုး၏ဇနီး မေသူတို့က ဆွေးနွေးတင်ပြကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရုပ်ရှင်သရုပ်ဆောင်လွင်မိုးက ဆိုင်ရှင်များနှင့် Shopping Center များမှ တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

Myanmar Belle Co.,Ltd. က Kose' ၏ New Skin Care Series ဖြစ်သည့် Supreme Skin Care ကို မြန်မာနိုင်ငံရှိ ဝယ်ယူသူများအတွက် ထပ်မံထုတ်လုပ်ထားသည်။

Supreme Skin Care ကို Sekkisei Blue Series တွင်ပါဝင်သည့် Japanese & Chinese Ingredients များကို အခြေခံပြီး အာနိသင်ထက်မြက်သည့် Ingredients လေးမျိုး ထပ်မံပေါင်းစပ်ထားခြင်း၊ ယနေ့ခေတ်အမျိုးသမီးများ၏ Life Style ပတ်ဝန်းကျင်အခြေအနေများနှင့် လိုက်ဖက်မှုရှိအောင် သီးသန့်စီမံထားခြင်း၊ အသားအရေ၏ ညစ်နွမ်းမှုများသာမက စိတ်ဖိစီးမှုများကိုပါ ပြေလျော့စေသည့် Relaxing Aroma ကုထုံးကိုပါ ထည့်သွင်းထုတ်လုပ်ထားသည်။

Supreme Skin Care ၏ Main Target မှာ အမျိုးသမီးများအား အရေးအကြောင်းများကင်းစေကာ တင်းရင်းစေခြင်း၊ အသားအရေဖြူစင်ဝင်းလက်ပြီး အမည်းစက်များကင်းရှင်းစေခြင်း၊ အမြဲနုပျိုလတ်ဆတ်သည့် နူးညံ့စိုပြည်မှုကို ရရှိစေခြင်း၊ Aroma Tharaphy Effect ဆိုသည့် ရနံ့ကုထုံးအာနိသင်များကိုလည်း ခံစားရရှိနိုင်ခြင်းတို့ဖြစ်သည်။

ဝယ်ယူရရှိနိုင်

Supreme Skin Care တွင် Cleansing Cream, Washing Cream, Refining Lotion (1,2), Moisturizer (1,2), Revitalizing (1,2) စသည်ဖြင့် အဆင့်ငါးဆင့်ပါဝင်ပြီး အဆိုပါ Supreme Skin Care ကို Supermarket များနှင့် Kose' Cosmetic ဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

လားရှိုး ပလိုးနီးယားစိုက်ခင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လားရှိုးမြို့နယ် သစ်တောဦးစီးဌာန ပလိုးနီးယားစမ်းသပ်စိုက်ခင်း၌ ပလိုးနီးယားစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၃ရက် ညနေပိုင်းတွင် သီပေါမြို့ သီပေါတံတားတည်ဆောက်ရေးစီမံကိန်း၌ တံတားတည်ဆောက်နေမှုနှင့် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့နယ် သစ်တောဦးစီးဌာန ပလိုးနီးယားစမ်းသပ်စိုက်ခင်း၌ ပလိုးနီးယားစိုက်ခင်းများကိုလည်းကောင်း၊ ပျိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် တိုးပွားအောင်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဥစားကြက်များ မွေးမြူထားရှိမှု၊ ကြက်သားပေါက်များ သားဖောက်နေမှုနှင့် မွေးမြူရေးအစာများ ထုတ်လုပ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မေ ၂၄ရက် နံနက်ပိုင်းတွင် တာမိုးညဲရှိ ဒေသခံများ၏ ဂူလုံလက်ဖက်စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး လက်ဖက်စိုက်ခင်းများနှင့် လက်ဖက်ခူးဆွတ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဂူလုံလက်ဖက်ခြောက်နှင့် အချိုခြောက်စက်ရုံသို့ ရောက်ရှိပြီး လက်ဖက်ခြောက်နှင့် အချိုခြောက်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာ ရန်အောင်မြင်စေတီသို့ ရောက်ရှိကြပြီး ဖူးမြော်ကြည်ညိုကာ အလှူငွေများကို တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်အောင်မြင်စေတီ ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကြပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

တွေ့ဆုံ

ယင်းနောက် မုံးစီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကြသည်။

လုပ်ငန်းအခြေအနေ

ယင်းနောက် တာမိုးညဲမြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ တာမိုးညဲမြို့ အထွေထွေအုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် တာမိုးညဲမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်၍ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

မှာကြား

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်နယ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး ကြက်သားပေါက်များ သားဖောက်နေမှု အခြေအနေများကို လည်းကောင်း၊ ကြက်များမွေးမြူထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၂၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၆၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "အိုင်လာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြီးဘေးမှ မြန်မာနိုင်ငံ ကံကောင်း၍ ကင်းလွတ်ခဲ့၊ မြန်မာ့ကြိမ်နှင့် ဖေဒါတို့ဖြင့် ပြုလုပ်သည့်ပစ္စည်းများ နိုင်ငံတကာဈေးကွက်၌ နေရာရနေ၊ မပုပ်မသိုးဆရာတော်သုံးပါး၏ ရုပ်ကလာပ်တော်များကို တစ်နေရာတည်းတွင် ဖူးမြော်ကြည်ညိုနိုင်၊ ဒစ်ဂျစ်တယ်နည်းစနစ်ဖြင့် ရေးဆွဲထားသော ပန်းချီကားများကို အင်္ဂလန်ရောက် မြန်မာပန်းချီဆရာမတစ်ဦး လာရောက်ပြသ၊ ယခုနှစ် ဇူလိုင်လတွင် နေအပြည့်ကြတ်မည်၊ မြန်မာနိုင်ငံ၌ သစ်ခွနှင့်ပတ်သက်သည့် စားကုန်များ စားသုံးသူ တိုးလာ၊ မြန်မာ့ရိုးရာပုသိမ်ထီးများကို ဂျာမနီ၊ ပြင်သစ်နှင့် အီတလီတို့အဝယ်များ၊ မြန်မာဓာတ်ပုံပညာရှင်များကို ဂျပန်နှင့် ဟောင်ကောင်သို့ စေလွှတ်မည်၊ ယခင် Royal Ruby Jade Hotel ကို အမျိုးသမီးဆေးရုံဖွင့်လှစ်ရန်စီစဉ်၊ အမေရိကန်မှ အမျိုးသမီးတစ်ဦး ကလေးအမြွှာပူးမွေးရာတွင် အဖေမတူ၊ ပေပေါင်း ၆၀၀၀အထက်မှနေ၍ လေထီးမပွင့်ဘဲ ပြုတ်ကျလာသော်လည်း အသက်မသေ၊ အမျိုးသမီးတစ်ဦး တစ်နှစ်အတွင်း ၁၁၂ပေါင်ကျသွားသောကြောင့် ခြေတု ၁၁ခု ပြောင်းခဲ့ရ၊ ဂျပန်နိုင်ငံတွင် A(H1N1) တုပ်ကွေးဖြစ်ပွားမှု အလွန်မြင့်တက်လာပြီး ကျောင်း ၄၀၀၀ကျော် ပိတ်လိုက်ရ၊ အီရန်နိုင်ငံက ကီလိုမီတာ ၂၀၀၀အထိရောက်သည့် ဒုံးကျည် စမ်းသပ်ပစ်လွှတ်၊ မိန်းကလေးငယ်တစ်ဦး၏ ခန္ဓာကိုယ်၌ သရက်ရွက်ငါးခုပါရှိ၊ Spider Man 3 မှ မင်းသမီး ကိုယ့်ကိုယ်ကို သတ်သေသွား၊ မိခင်၏ ရုပ်အလောင်းမှ ပြာများကို လက်ဝတ်တန်ဆာများပြုလုပ်ဝတ်ဆင်၊ A(H1N1) တုပ်ကွေးရောဂါ ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်တွင်ဖြစ်ပွား၍ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့တွင်လည်း သံသယဖြစ်ဖွယ်တွေ့ရှိ၊ တိတ်တိတ်ပုန်းချစ်သူ နာမည်ကြီးအဆိုတော်ကို သတ်ခဲ့သည့် ဘီလျံနာသူဌေးကြီးအား သေဒဏ်ပေး၊ ကမ္ဘာ့လူဦးရေပေါက်ကွဲမှုကို ဖြေရှင်းရန် ပေ၂၀၀၀ နီးပါးမြင့်သော ပုစဉ်းတောင်ပံပုံ ဥယျာဉ်မြို့တော်ကြီးတည်ဆောက်မည်၊ ဦးနှောက်အတွင်းသို့ လွှန်ပူထိုးသွင်း၍ ဦးနှောက်သွေးခဲများကို ချေဖျက်ကုသ၊ အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိများ ရှိနိုင်သလား၊ အသက် ၆၆နှစ်ရှိ အဘွားအိုတစ်ဦးကလည်း ကလေးမွေးဖွား" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယုဉ်
ဝန်အားမမျှ မသုံးရ

တည်ဆောက်ရေးစီမံကိန်း အချိန်မီပြီးစီးရေးကြိုးပမ်း သတ်မှတ်အရည်အသွေးပြည့်မီရေး ကြပ်မတ်ဆောင်ရွက်

နေပြည်တော် မေ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မေ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(မြောင်းတကာ) လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးအောင်မြင့်က လက်ရှိတည်ဆောက်လျက်ရှိသော စီမံကိန်းလုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းကို သတ်မှတ်ကာလအတိုင်း အချိန်မီပြီးစီးရေး တာဝန်ရှိသူများက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်အရည်အသွေး ပြည့်မီစေရေးအတွက် အဆောက်အအုံပိုင်းရော၊ စက်တပ်ဆင်မှုအပိုင်းများကိုပါ Technically စေ့စပ်သေချာစွာ သက်ဆိုင်ရာအဖွဲ့များဖြင့် စနစ်တကျ ကြပ်မတ်သွားရန်နှင့် ငွေကြေးသုံးစွဲမှုအပိုင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိတိကျကျ လိုက်နာသုံးစွဲသွားကြရန်မှာကြားပြီး ရှေ့ဆက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းမှ ပြည်ပပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။ ယင်းနောက် ဝန်ကြီးသည် တစ်နေ့လျှင် ဓာတ်မြေဩဇာ တန် ၅၀၀ ထုတ်လုပ်မည့် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ထို့နောက်ဝန်ကြီးသည် စီမံကိန်းဝင်းအတွင်း တည်ဆောက်လျက်ရှိသော Prilling Tower ၊ Control Room ၊ Crushing and Screening Unit ၊ Clarified Water Basin ၊ Sub-Station များ၊ Ammonia Compressor House နှင့် Bulk Urea Storage အဆောက်အအုံများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်မြေဩဇာစက်ရုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မှော်ဘီမြို့နယ် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ) လုပ်ငန်းခွင်ရှိ Prilling Tower အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ အဆင့်မြင့်မွမ်းမံလေ့ကျင့်ရေး သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ အဆင့်မြင့်မွမ်းမံလေ့ကျင့်ရေးသင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ၄နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အဆိုပါသင်တန်းကျောင်း ရဲသူရိန်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ တိုင်းရဲတပ်ဖွဲ့မှူး၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လေ့ကျင့်ပေးသွား

အဆိုပါ လေ့ကျင့်ရေး သင်တန်းကျောင်းတွင် ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် အဆင့်မြင့်မွမ်းမံ သင်တန်းများကို လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ အဆင့်မြင့်မွမ်းမံလေ့ကျင့်ရေး သင်တန်းကျောင်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မှော်ဘီမြို့ရှိ မြန်မာ့ဆန်စပါး သုတေသနဌာနတွင် မျိုးသန့်ပွားများထားသည့် စပါးမျိုးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားများ စပါးမျိုးကောင်းမျိုးသန့်များရရှိရန် ဌာနသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ယမန်နေ့ နံနက်၉နာရီ ၁၅မိနစ်က ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ မြန်မာ့ဆန်စပါး သုတေသနဌာနသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မန်နေဂျာ ဒေါက်တာဦးရဲတင့်ထွန်းက အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုနှင့် တောင်သူလယ်သမားများထံ မျိုးပြန့်ပွားဖြန့်ဖြူးမှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက တောင်သူလယ်သမားများ ထံသို့ စပါးမျိုးကောင်းမျိုးသန့်များရရှိရန် အတွက် ဌာနသာမက ပုဂ္ဂလိကလုပ်ငန်း ရှင်များအနေဖြင့်ပါ ပါဝင်ဆောင်ရွက်ရန် လိုကြောင်းနှင့် လက်ရှိဆောင်ရွက်နေမှု များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မျိုးစေ့သန့်စင်မှု၊ ဆန်ထွက်ရာခိုင်နှုန်း စစ်ဆေးမှုလုပ်ငန်း များနှင့် မျိုးသန့်ပွားများထားသည့် စပါးမျိုး များကို ကြည့်ရှုစစ်ဆေးသည်။

ကျယ်ကျယ်ပြန့်ပြန့်

ဆက်လက်၍ ဝန်ကြီးသည် စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီပြုလုပ်မှုနှင့် လျှပ်စစ် မီးထွန်းနိုင်မှုတို့ကို ပြသပြီး ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်အသုံးပြုကြရန် မှာကြား ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည်အရည်အသွေးမြင့် ပြည်ပပို့ကုန်ဆန်စက်နှင့် တစ်နာရီလျှင် ဆန်တစ်တန်ကျ ဆန်အရည်အသွေးကောင်း ထုတ်လုပ်မှုတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေး တက္ကသိုလ်စပါးအထူးပြုကျောင်းခွဲသင်တန်း အတွက် ဆောက်လုပ်ဆဲအဆောင်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်

ရန်ကုန် မေ ၂၅

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနကကြီးကြပ်၍ သန်လျင် မြို့နယ်မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲကို ယမန်နေ့နံနက်၉နာရီ က ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဖွင့်လှစ်

အဆိုပါသင်တန်းကို ဇွန်၇ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်တန်းသား ၄၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း (ကလေးကျန်းမာပညာဌာန)နှင့် Mo Asia Co., Ltd. (Dumex)တို့ ပူးပေါင်းကျင်းပသော ဆေးပညာနှီးနှောဖလှယ်ပွဲ (Medical Seminar)ကို မေ ၂၃ရက် နံနက် ၁၀နာရီ က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ Dumex (Malaysia) Sdn Bhd မှ မန်နေဂျင်း ဒါရိုက်တာ Mr. Gerard Geraets က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် Mo Asia Co., Ltd. (Dumex) မန်နေဂျင်းဒါရိုက်တာ ဦးပီတာမိုးကျော်က မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ကလေးကျန်းမာပညာဌာနသို့ အလှူငွေကျပ် နှစ်သိန်းစီကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှနှင့် ကလေးကျန်းမာပညာဌာနမှ ပါမောက္ခ ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်ကြူကြူခင်တို့က လက်ခံယူကြပြီး မြန်မာနိုင်ငံ ဆရာဝန် အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လှက ကျေးဇူးတင် စကား ပြောကြားသည်။

သိလိုသည်များမေးမြန်း

ယင်းနောက် ဆေးပညာနှီးနှောဖလှယ် ပွဲတွင် သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာဒေါ်ကြူကြူခင်က ဆောင်ရွက် ပြီး Wageningen University, the Netherland မှ Prof, Dr.Jacques G.Bindelsက Immune-Modulating Effects of Prebiotic Oligosaccharide ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်လင်းက Current Approach to Children with Afebrile Seizures ခေါင်းစဉ်ဖြင့်လည်းကောင်း၊ University of Malaya Medical Centre (Malaysia)မှ Dr.Chai Pei Fan က Recurrent Abdominal Pain in Children ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသီးသီးတင်ပြဆွေးနွေးကြပြီးတက်ရောက် လာကြသူများက သိလိုသည်များကို မေးမြန်း ကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း (ကလေးကျန်းမာပညာဌာန)နှင့် Mo Asia Co., Ltd. (Dumex)တို့ ပူးပေါင်းကျင်းပသော ဆေးပညာနှီးနှောဖလှယ်ပွဲတွင် Dumex (Malaysia) Sdn Bhdမှ မန်နေဂျင်းဒါရိုက်တာ Mr.Gerard Geraets က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များအတွက် စက်ပစ္စည်းနှင့် ရန်ပုံငွေပေးအပ်ပွဲ ချီဖွေ၌ကျင်းပ

ချီဖွေ မေ ၂၅

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မေ ၇ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျေးရွာစာကြည့်တိုက်များအတွက် စက်ပစ္စည်း၊ စာအုပ်နှင့်ရန်ပုံငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြအေးက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အလှူရှင် မန်နေဂျာ ဦးအောင်လွင်ဦး အောင်စကြာ စိုက်ပျိုးရေးဘက်စုံခြံမှ ၁၄လက်မ တီဗွီလေးလုံးနှင့် ဒီဗွီဒီ(ချင်းဖွ) အမျိုးအစားလေးလုံးတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးချီခေါယိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန် မေ ၂၅

စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မေ ၂၁ရက် နံနက်ပိုင်းက မှော်ဘီမြို့နယ် ရေသိုး-သရက်ညို ကျေးရွာချင်းဆက် ဂဝံလမ်းပေါ်ရှိ ရေပြွန်တံတားနှစ်စင်း၊ သာယာကုန်း-မိုးကြိုးပစ် ကျေးရွာချင်းဆက် ကျောက်ချောလမ်းပေါ်ရှိ ရေပြွန်တံတားတစ်စင်းနှင့် အရှည် ၆ပေ၊ အကျယ်ပေ ၂၀ရှိ ကွန်ကရစ်တံတားတည် ဆောက်နေမှု၊ ရန်ကုန်-ပြည်လမ်းမဘေးရှိ ပင်မရေနုတ်မြောင်း ရေစီးရေလာကောင်း မွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် အမှိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှု နှင့် မှော်ဘီမြို့ မြို့မဈေး သားငါးတန်းတို့ ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး မှော်ဘီနှင့် တိုက်ကြီးမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

စံချိန်စံညွှန်း

ဆက်လက်၍ တိုက်ကြီးမြို့နယ်စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိ သော လယ်တီ(၁)လမ်းရှိ အုတ်ကွန်ကရစ် တံတားတည်ဆောက်နေမှု၊ တိုက်ကြီး- ဂျိုးဖြူကန်လမ်း မိုင်တိုင် ၁/၀ နှင့်၆/၀ကြား ဂဝံလမ်းခင်းနေမှု ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖြစ်သည့် ဖလုံ-မြိုင် ဟေဝန်လမ်း ပြန်လည်ပြင်ဆင်ရန်လိုအပ်မှု များနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတား သုံးစင်း အကြီးစားပြန်လည် ပြင်ဆင်နေမှု၊ အရှည်ပေ ၈၅၀၊ အကျယ် ၁၂ပေရှိ မုတ်သုံလမ်း ကတ္တရာလမ်းသစ်ခင်းနေမှုနှင့် အရှည် ၄၆၄ပေ၊ အကျယ် ၁၂ပေရှိ ခန်းမလမ်း ကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ မိုးမကျမီ အမြန်ပြီးစီး အောင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူ များအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုက်ကြီးမြို့ မိုးရာသီရေစီး ရေလာကောင်းမွန်စေရေးအတွက်ဖောဖိကုန်း ရပ်ကွက်ရှိ ပင်မရေနုတ်မြောင်းအား အဖွဲ့ပိုင်စက်ယန္တရားဖြင့် အမှိုက်နှင့် နုန်းများ ဆယ်တင်နေမှုအခြေအနေကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးဦးအောင် ကျော်ငြိမ်သည် တိုက်ကြီးမြို့ မြို့မဈေး သားငါးရောင်းချနေမှုကို ကြည့်ရှုစစ်ဆးပြီး ဈေးအတွင်းအပြင် သန့်ရှင်းရေး၊ အန္တရာယ် ကင်းသော အစားအစာများ ရောင်းချရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ ဇော်ဂျီရေထိန်းဆည်အတွင်း အမှိုက်သရိုက်များ ရှင်းလင်းနေမှုနှင့် သဲနုန်းများ ဖယ်ရှားရှင်းလင်းနေမှု၊ နယ်မြေခံတပ်ရင်းတွင် မိသားစု စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု၊ တံတားဦးမြို့နယ် စကားအင်းအဝိုင်းအနီး၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားဦးမြို့နယ် ချောင်းခွကျေးရွာအနီးရှိ ကင်းတား လက်ဝဲတူးမြောင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တံတားဦးမြို့နယ် ချောင်းခွကျေးရွာ၊ အုတ်တွင်းကန်ကျေးရွာနှင့် ချောင်ပါတ်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာသို့ ရောက်ရှိပြီး ကန်နားကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ကန်ပေါင်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကန်နားကျေးရွာမှဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကျောက်ဆည်မြို့ရှိ ဇော်ဂျီရေထိန်းဆည်အတွင်း အမှိုက်သရိုက်များ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်စွက်တင်ပြ

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မေ ၂၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက 'ကျောင်းအပ်နှံရေး' သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးအထိမ်းအမှတ် အမှာစကား ပြောကြားသည်။

လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော်ခရိုင်အတွင်းရှိ နေပြည်တော်၊ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ နေပြည်တော် လယ်ဝေးမြို့နယ်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့အတွက် ပညာသင်ထောက်ပံ့စရိတ် ငွေကျပ် ၁၅သိန်းစီကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နေပြည်တော်ခရိုင်နှင့် မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများမှ သူငယ်တန်းကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များကို မြို့နယ် ပညာရေးမှူးများထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၊ ပညာရေး စေတနာရှင်များနှင့် လုပ်ငန်းရှင်များက ကျောင်းအပ်နှံရေးလုပ်ငန်းများအတွက် အလှူငွေကျပ်၂၇၆၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က အသီးသီးလက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများက 'မြန်မာ့ကျောင်း' သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၏ ကျောင်းအပ်နှံရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လာရောက်ကျောင်းအပ်နှံကြသည့် မိဘ/အုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးကြသည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ လိုက်ပါလျက် နေပြည်တော် လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြို့မ ရွှေရတုခန်းမ၊ နေပြည်တော် ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမနှင့် နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ဆရာ ဆရာမများ၏ ကျောင်းအပ်နှံရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားပြီး လာရောက် ကျောင်းအပ်နှံကြသည့် မိဘ/အုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး
ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်ချိန်

ရင်ဝယ်ချမ်းမြ၊ သမီးလှနှင့်
သားလှရတနာ၊ မေ့သည်းချာကို
ပညာအမွေ၊ ပေးနိုင်စေဖို့
လာလေသွားစို့၊ ကျောင်းအပ်ဖို့လျှင်
ကြိုလို့ပြင်ဆင်၊ ပျော်ပျော်ရွှင်ပေါ့
ရင်ကော့ခေါင်းမော့၊ ခပ်ကြော့ကြော့နှင့်
သော့သော့လျှင်လျှင်၊ ကျောင်းသို့ဝင်ပြီ
မိခင်ပြုံးနိုင်လွန်းတကား။ ။

ပန်းတောင်းသန်းကြွယ်

ရေစီးရေလာကောင်းရေး ချောင်းဆုံ၌ ဆောင်ရွက်

ချောင်းဆုံ မေ ၂၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၂၁ရက်က ရပ်ကွက်ပြည်သူများနှင့် ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်ကြည် တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅-၅-၂၀၀၉)

ဟားခါး	၃ဒသမ	၂၇လက်မ
မော်လိုက်	၂ဒသမ	၉၅လက်မ
ဖျာပုံ	၂ဒသမ	၆၀လက်မ
ကလေး	၁ဒသမ	၈၅လက်မ
ကသာ	၁ဒသမ	၇၃လက်မ

● *ကျောဖုံးမှ*

မြို့အတွင်း၌လည်း ရောင်စုံပန်းအလှပင်များ အများအပြား စိုက်ပျိုးထားသည်ကို တွေ့ရသည်။ သတင်းအဖွဲ့အနေဖြင့် မြို့၏ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံတို့၏ လူမှုစီးပွား ဖွံ့ဖြိုးမှုအခြေအနေကို သိလိုသဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်၍ မြို့နယ်ဥက္ကဋ္ဌဖြစ်သူဦးမြင့်အောင်အား သိလိုသည့် အချက်များကို မေးမြန်းခဲ့ပါသည်။

"ကလောမြို့နယ်က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်မှာ ပါဝင်ပါတယ်"

ဦးမြင့်အောင်
ဥက္ကဋ္ဌ၊
ကလောမြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ

နယ်နိမိတ်ဆက်စပ်

မြို့၏တည်နေရာ အနေအထားနှင့် ပတ်သက်၍ "ကျွန်တော်တို့ ကလောမြို့နယ်ဟာ ရှမ်းပြည်နယ် (တောင်ပိုင်း) ရဲ့ တောင်ကြီးခရိုင်မှာ ပါဝင်ပါတယ်။ မြို့နယ် အကျယ်အဝန်းက စတုရန်းမိုင် ၅၈၂ဒသမ ၁၃မိုင် ရှိပါတယ်။ မြို့ရဲ့ မြောက်ဘက်မှာ ပင်းတယမြို့နယ်နဲ့ တောင်ဘက်မှာ ပင်လောင်းမြို့နယ်တို့ရှိပြီး အရှေ့ဘက်၌ တောင်ကြီးမြို့နယ်နဲ့ ညောင်ရွှေမြို့နယ်၊ အနောက်ဘက်မှာ သာစည်၊ ပျော်ဘွယ်မြို့နယ်တို့နဲ့ နယ်နိမိတ် ဆက်စပ်နေပါတယ်။ ရာသီဥတုက ပြင်ဦးလွင်မြို့နဲ့ နီးစပ်ပါတယ်။ အမြင့်ဆုံး အပူချိန်က ၃၀ ဒသမ ၃ စင်တီဂရိတ်နဲ့ အနိမ့်ဆုံး အပူချိန်၃ဒသမ၅စင်တီဂရိတ်လောက် ရှိပါတယ်။"

ရပ်ကွက်၊ ကျေးရွာ ဖွဲ့စည်းထားမှုနဲ့ ပတ်သက်ပြီး ဆက်လက်မေးမြန်းရာတွင် -

"မြို့ပေါ်ရပ်ကွက်အဖြစ် ကလောမြို့မှာ ၁၁ရပ်ကွက်၊ အောင်ပန်းမြို့မှာ ၁၂ရပ်ကွက်နဲ့ ကျေးရွာအုပ်စု၂၅အုပ်စု ရှိပါတယ်။ အောင်ပန်းမြို့ဟာ ကလောမြို့နယ်ရဲ့ စည်ပင်သာယာ နယ်နိမိတ် ဖွဲ့စည်းမှုမှာ ရှိပါတယ်၊ ကျေးရွာပေါင်း ၂၆၈ရွာရှိပြီး လူဦးရေ ၁၄၂၂၈၉ဦးရှိပါတယ်"ဟု ဖြေကြားပေးသည်။

ရွှေရင်အေးစပါး

စပါးစိုက်ပျိုးမှုအနေဖြင့် ၂၀၀၈-၂၀၀၉စပါးစိုက်ဧက ၃၄၆၃၈ဧကရှိပြီး ရွှေရင်အေး အထွက်တိုးစပါး အဓိကစိုက်ကြောင်း၊ ဆန်ထွက်ရှိမှုက တင်းပေါင်း၂၁၇၅၆၇၄တင်းရှိကြောင်း သိရသည်။

ဆန်စပါးထွက်ရှိမှု အနေဖြင့် ဒေသအတွက်ဖူလုံမှုရှိကြောင်းပြောပြသည်။ ဆီထွက်သီးနှံအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့် ဆီမုန်လာပင်များလည်း စိုက်ပျိုးသည်ဟု သိရသည်။ ကလောမြို့နယ်သည် အအေးလွန်ကဲသဖြင့် ချည်မျှင်ရှည်ဝါ အပါအဝင် ဝါသီးနှံစိုက်ပျိုးနိုင်ခြင်း မရှိကြောင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ကော်ဖီ၊ လက်ဖက်များလည်း စိုက်ပျိုးကြောင်း သိရသည်။

ကုန်စိမ်းသီးနှံ

စိုက်ပျိုးမြေဖြစ်ထွန်းသဖြင့် ကြက်သွန်ဖြူ၊ချင်း၊အာလူးနှင့်ဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီးနှင့် ပန်းဂေါ်ဖီများ အများအပြား ထွက်ရှိကြောင်း၊ မြန်မာပြည် ဒေသအနှံ့သို့ အောင်ပန်းမြို့မှ တစ်ဆင့် ကုန်စိမ်းသီးနှံများကို ရာသီအလိုက် ဖြန့်ဖြူးပေးကြောင်း သိရသည်။ သတင်းအဖွဲ့ အောင်ပန်းမြို့မှ ဖြတ်ကျော်လာစဉ် ကုန်စိမ်းသီးနှံတင် ကုန်တင်ကားကြီးများ ကုန်စိမ်းပွဲရုံများသို့ ဝင်ထွက်မှု အများအပြား တွေ့ခဲ့ရသေးသည်။

သားငါးမွေးမြူမှု အနေဖြင့် ကျွဲကောင်ရေတစ်သောင်းကျော်၊ နွားခုနစ်သောင်းကျော်နှင့် ဝက်ကောင်ရေ နှစ်သောင်းကျော်ခန့်ရှိသည်။ ကြက်မွေးမြူမှုတွင်ဒေသကြက်၊ဥစားကြက်၊ အသားစားကြက်ကောင်ရေ လေးသိန်းကျော်ရှိကြောင်း သိရသည်။ ငါးမွေးမြူမှုအနေဖြင့်ငါးကန် ၁၄ကန်(၈ဒသမ ၃၈ဧက)တွင် ငါးများ မွေးမြူထားသည်။

စက်မှုလုပ်ငန်း

စက်မှုလုပ်ငန်းတွင် အလတ်စားစက်မှု လုပ်ငန်းများရှိပြီး စားသောက်ကုန်၊ လူသုံးကုန်နှင့် အထွေထွေစက်မှုလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်း

ပညာရေးကဏ္ဍတွင် ကလောမြို့နယ်၌ အထက်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်း ၁၀ ကျောင်းနှင့် မူလတန်းကျောင်း ၁၅၁ ကျောင်းရှိပြီး အထက်တန်း၊ အလယ်တန်း၊မူလတန်းကျောင်းခွဲ၁၀ကျောင်းနှင့် တွဲဖက်အထက်တန်းနှင့်မူလတန်း တစ်ကျောင်းစီရှိသည်။မူလတန်းလွန်ကျောင်းအနေဖြင့်၂၃ကျောင်းရှိသဖြင့် အခြေခံပညာ ကျောင်းများ ဖွံ့ဖြိုးမှုကောင်းကြောင်းသိရသည်။ ကလောမြို့နယ်၌ အခြေခံပညာထက်၊လယ်၊မူ ကျောင်းသားဦးရေ ၂၈၁၅၀ ရှိသည်။

ကျန်းမာရေး

ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကလောမြို့နယ်တွင် ခုတင် (၁၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ အောင်ပန်းနှင့်ဟဲဟိုး၌(၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံစီနှင့်ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ၄က်ဖျား၊ တီဘီနှင့် အနာကြီးရောဂါ တိုက်ဖျက်ရေးဌာန တစ်ခုစီဖြင့် ဒေသနေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။ဘော်ဆိုင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၅ရွာမှ နေထိုင်သူများအတွက် ကျေးလက်ကျန်းမာရေးဌာနတစ်ခုသာရှိသဖြင့် တိုက်နယ်ဆေးရုံတစ်ခု ဖွင့်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ကလောမြို့နယ်သည် ရာသီဥတုအေးမြသာယာ၍ နေထိုင်ရန် အထူးကောင်းမွန်ပြီး စိုက်ပျိုးမြေများကလည်း မြေဆီမြေနှစ်ကောင်းမွန်သဖြင့် သီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကုန်စည်ဖြန့်ဖြူးမှုကလည်း လွယ်ကူမြန်ဆန်သွက်လက်သည်။

အစဉ်အမြဲလက်ကမ်းကြို

သို့ဖြစ်ပေရာ ငြိမ်းချမ်းသော၊ စိမ်းလန်းသော၊ အေးမြသောပတ်ဝန်းကျင်ကောင်းများရှိသည့် မောမြေဦးကလောမြို့မှဒေသဖွံ့ဖြိုးမှုအခြေအနေများကအလည်လာသူဧည့်သည်များအတွက်အစဉ်အမြဲလက်ကမ်းကြိုနေမည်ဖြစ်ကြောင်း သတင်းခရီး၌ တွေ့မြင် လေ့လာမိသမျှ တင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ကလောမြို့သို့ လာရောက်သူ ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန် ဆောက်လုပ်ထားသည့် ဟိုတယ်အဆောက်အအုံကလည်း နားခိုချင်စဖွယ်....။ (မြန်မာ့အလင်း)

တောင်ကုန်းများပေါ်၌ စိုက်ပျိုးထားသော စိုက်ခင်းများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ကလောမြို့ရှိ စိမ်းစိုလှပနေသော ထင်းရှူးတောကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်၊မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မာတိကာမာတာဝတ္ထု** တရားတော် (ဒုတိယပိုင်း) (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနလုံးသား** (အပိုင်း-၁၂)
- ၈:၃၀ Sunday Talk
- ၉:၁၅ MNL Cup(Southern Myanmar F.Cပြိုင်ပွဲအကြိုပြင်ဆင်နေမှုများ)
- ၉:၃၀ သွေးချင်းတို့ဆီအရောက်သွားမည်
- ၉:၃၅ မြစ်ရေကိုကျော်လို့ အလင်းစွမ်းအားပေးကြစို့
- ၉:၅၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ UV Protected Fiber Glass သံလိုက်ခြင်ဆန်ခါ
- ၁၀:၂၀ တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
- ၁၀:၃၀ အင်တာနက်လမ်းညွှန် (i-bank)
- ၁၀:၄၅ ဂီတသရုပ်ပြခန်း (စုမီ-အမြတ်နိုးဆုံးမင်း)
- ၁၁:၁၀ လေ့လာဖန်တီးမြန်မာ့လက်မှုပုတီး
- ၁၁:၃၀ သင်ကြားရေးလမ်းညွှန် (M & S School of Dressmaking & Design)
- ၁၁:၅၀ လှပသစ်ဆန်းအလှပြင်ခန်း (မဋ္ဌူအလှပြုပြင်ရေး)
- ၁၂:၀၀ Activities in the City (မြောက်ဥက္ကလာပမြို့တည်နှစ်(၅၀)ပြည့် ရွှေရတုမော်ကွန်းစာအုပ်ထုတ်ဝေခြင်း အခမ်းအနား)
- ၁၂:၁၅ မြေကြီးမှရွှေသီးဖို့ စက်မှုလယ်ယာကူးပြောင်းစို့
- ၁၂:၃၅ IT လှိုင်းတို့သည် အောင်မြင်မှု ကမ်းခြေသို့
- ၁:၀၀ **မာတိကာမာတာဝတ္ထု** တရားတော် (ဒုတိယပိုင်း) (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Punk Fashion)
- ၃:၁၅ Celebrity Profile (ချစ်ဆုဝေနှင့် ချစ်သုဝေ အနုပညာ ညီအစ်မနှစ်ဦးနှင့် တွေ့ဆုံခြင်း)
- ၃:၄၀ အင်တာနက်လမ်းညွှန် (i-bank)
- ၄:၀၀ မြေကြီးမှရွှေသီးဖို့ စက်မှုလယ်ယာကူးပြောင်းစို့
- ၄:၂၀ ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
- ၄:၄၀ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတမြန်မာ့အက
- ၄:၅၅ သွေးချင်းတို့ဆီအရောက်သွားမည်
- ၅:၀၀ Cartoon Show Time (Incredibles)
- ၅:၃၅ Sports World(Gym)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ Fashion Music Festival (Punk Fashion)
- ၆:၄၅ သင်ကြားရေးလမ်းညွှန် (M & S School of Dressmaking & Design)
- ၇:၀၀ Worlds of Knowledge (Megacities London)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ Activities in the City (မြောက်ဥက္ကလာပမြို့တည်နှစ်(၅၀)ပြည့် ရွှေရတုမော်ကွန်းစာအုပ်ထုတ်ဝေခြင်း အခမ်းအနား)
- ၈:၃၀ ဂီတသရုပ်ပြခန်း (စုမီ-အမြတ်နိုးဆုံးမင်း)
- ၈:၅၅ လှပသစ်ဆန်းအလှပြင်ခန်း (မဋ္ဌူအလှပြုပြင်ရေး)
- ၉:၀၅ Sports World (Gym)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနလုံးသား** (အပိုင်း-၁၂)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁၁:၄၅ IT လှိုင်းတို့သည် အောင်မြင်မှု ကမ်းခြေသို့
- ၁၂:၀၅ တေးဂီတအစီအစဉ်
- ၁၂:၂၀ စိုပြည်စိမ်းလန်းတောင်ကုန်းထက်မှ ခရီးသွားစခန်း
- ၁၂:၄၅ MNL Cup(Southern Myanmar F.Cပြိုင်ပွဲအကြိုပြင်ဆင်နေမှုများ)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး သရက်ချောင်းမြို့၌ အသိပညာပေးဟောပြော

ရန်ကုန် မေ ၂၅

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ဥက္ကဋ္ဌ)ရုံး သစ်တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပူးတွဲ စီမံကြီးကြပ်ဆောင်ရွက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ရုံး)၊ ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ရုံး)၊ ထားဝယ်ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (သရက်ချောင်း) မြို့မှ ကျင်းပသော ဆီအုန်း၊ ပီလောပီနံ၊ ကျွန်း၊သစ်မာ၊ရော်ဘာနှင့် ကြက်ဆူပင် စိုက်ပျိုးရေး လူထုအသိပညာပေး စာပေဟောပြောပွဲကို ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင် သုံးခရိုင်အတွင်းရှိ ၁၆ မြို့နယ်များ၌ ကျင်းပသည်။

စာပေရေးရာ

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆီအုန်း၊ ပီလောပီနံ၊ ကျွန်း၊ သစ်မာ၊ ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေးစာပေဟောပြောပွဲကို မေ၁၅ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်က တက်ရောက်အမှာစကားပြောကြား ဖွင့်လှစ်ပေးပြီး စာရေးဆရာ ဇွန်မောင်မောင်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လူထုအသိပညာပေးနှင့် နှစ်ရှည်ပင်များ အကြောင်း သုတစာပေရေးရာများကို ဟောပြောပြီး စာရေးဆရာ သန်လျင်မောင်မောင်ဦးက သစ်တော သစ်ပင်လူချစ်ခင်၊ ရယ်စရာ၊ မောစရာ၊ သုတ၊ ရသ၊ စာပေရေးရာများကို ဟောပြောပြီး ဦးကိုကိုကြီး (ထားဝယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့)၊ ဦးသန်းဆွေ (ထားဝယ်)၊ ဦးမောင်လွင် (ဘုတလည်)၊ ရေဖြူမြို့နယ်၊ ဆရာမ ဒေါ်မြစိန် (အထက-၂)၊ အမျိုးသမီးရေးရာ အဖွဲ့ပေးပို့သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို မြို့နယ်အတွင်းရေးမှူး ဦးမြင့်စိုးက စာရေးဆရာများအား ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ကျင်းပ

ယင်းစိုက်ပျိုးရေး၊ လူထုအသိပညာပေး စာပေဟောပြောပွဲများကို ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းများ အတွင်း၌ ဇွန် ၂ရက်မှ ဇူလိုင် ၂ရက်အထိ စာရေးဆရာ ဇွန်မောင်မောင်ဦးစီးသော စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များအဖွဲ့က တိုင်းရင်းသားပြည်သူများအား ဆီအုန်း၊ ပီလောပီနံ၊ ကျွန်း၊ သစ်မာ၊ ရော်ဘာ၊ ကြက်ဆူပင်၊ ဆီထွက်သီးနှံများနှင့် နှမ်း၊ ပဲ၊ ပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ဆန်စပါးများနှင့် နှစ်ရှည်ပင်များဖြစ်ကြသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး အသိပညာပေး စာပေဟောပြောပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(လယ်ယာ/ဆည်မြောင်း)

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများကို ဆင့်မနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၂၅

အမေရိကန်နိုင်ငံသား Mr. John William Yettaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ယနေ့ ဆဋ္ဌမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက နံနက် ၁၀နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ မှ ပြန်ခေါ်သက်သေ ဒုတိယရဲမှူးကြီးဇော်မင်းအောင်အား စတင်စစ်ဆေးသည်။

ရှင်းလင်းထွက်ဆို

ဒုတိယရဲမှူးကြီး ဇော်မင်းအောင်အား တရားခံ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် မိမိထွက်ဆိုထားသော ကန့်သတ်သည့် ပုဒ်မ ၁၄၈ (ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉(က)၊ ၁၅၉(ခ) နှင့် ၁၆၀ တို့သည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ယင်းကဲ့သို့ ကန့်သတ်မိန့်နှင့် တားဆီးမိန့်များကို ဖောက်ဖျက်သဖြင့် စွဲဆိုရခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားအား လက်ခံနေထိုင်ခွင့်ပြုခြင်း၊ လက်ခံတွေ့ဆုံစကားပြောခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်းသည် ပုဒ်မ ၁၅၉(က) ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်ဟု မိမိထွက်ဆိုခဲ့သော်လည်း ၄င်းစကားလုံးများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လွတ်လပ်ခွင့်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ခြင်းမရှိဟုဆိုလျှင် ဥပဒေပါပြဋ္ဌာန်းချက်အတိုင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၀ တွင် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံရေးအတွက် ကန့်သတ်လိုက်သည်ဆိုလျှင် စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့အတွက် ဥပဒေအရ အကာအကွယ်ပေးရမည်ဆိုသည့် အချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းထွက်ဆိုသည်။

ပြန်ခေါ်သက်သေ ဒုတိယရဲမှူးကြီးဇော်မင်းအောင်အား တရားခံ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ)အငယ်လေးတို့၏ ရှေ့နေ ဦးလှမျိုးမြင့်က ပြန်လှန်စစ်မေးရာတွင် ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ) အငယ်လေးတို့သည် အစိုးရ၏ လုပ်ငန်းများကို နားမလည်သော သာမန်အရပ်သူများဖြစ်သည်ကို သိပါသလားဟုဆိုလျှင် မသိပါ။ တားဆီးထားသည့်အိမ်တွင် အတူတကွနေထိုင်သည်ကိုသာ သိပါကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ)အငယ်လေးတို့သည် ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်ခဲ့သည့် ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များနှင့် စပ်လျဉ်း၍ အသေးစိတ် အတိအကျ သိရှိနားလည်နိုင်စွမ်းရှိကြသူများ မဟုတ်ဟုဆိုလျှင် ကန့်သတ်တားဆီးထားသည့်အိမ်တွင် နေထိုင်သူများဖြစ်၍ သိရှိနိုင်ပါကြောင်း စသည်ဖြင့် ရှင်းလင်းထွက်ဆိုသည်။

တရားမဝင် ဝင်ရောက်

ပြန်ခေါ်သက်သေ ရဲမှူးကြီးဝင်းနိုင်ထွန်းအား တရားခံ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် နိုင်ငံခြားသား ဝင်ရောက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ဘာပစ္စည်းတွေ ကျန်ခဲ့တယ်ဟု မည်သူကမျှ မေးမြန်းခဲ့ခြင်းမရှိဆိုလျှင် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဒေါက်တာတင်မျိုးဝင်း၏ ပြောပြချက်အရ အထက်ဌာနသို့ ဆက်လက်တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က လူဝင်ရောက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ တိတိကျကျ အချက်အလက်ပြည့်စုံစွာ ပြောကြားခြင်းမဟုတ်ကြောင်း၊ မိမိတို့ ဒေါ်အောင်ဆန်းစုကြည်ပါ လေးဦးအား တရားစွဲဆိုထားသည်မှာ အပြင်ကို စာပေးစာယူလုပ်သည့်အတွက် စွဲဆိုခြင်းမဟုတ်ဟုဆိုလျှင် အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်းမပြုရန် တားဆီးမိန့်ပါ အချက်ကို ဖောက်ဖျက်သဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ပြင်ပမှ ရောက်ရှိလာသောစာကို လက်ခံထားမှုဖြင့် အကျုံးဝင်သော အခြားသို့ စာဖြင့် ဆက်သွယ်မှုပြုလုပ်သည့် အချက်အရ စွဲဆိုခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အိမ်မှ သိမ်းဆည်းသည့် ပစ္စည်းများသည် Mr. John William Yettaw သူ့ဘာသာသူ ထားသွားသည့် ပစ္စည်းများဖြစ်သည်ဆိုလျှင် ပထမအကြိမ် ဝင်ရောက်စဉ်က Mr. John William Yettaw ပေးခဲ့သော စာအုပ်ကို စနစ်တကျ လက်ခံသိမ်းဆည်းထားရှိသည်မှာ ပေါ်ပေါက်ကြောင်း၊ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက်နှင့် ၂၀၀၉ခုနှစ် မေ ၃ရက်တို့တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ခြင်းသည် တရားမဝင် ဝင်ရောက်ခြင်းဖြစ်သည်ဆိုလျှင် တိတ်တဆိတ် တရားမဝင် ဝင်ရောက်ခြင်းဖြစ်ကြောင်း ဖြင့် ရှင်းလင်းထွက်ဆိုသည်။

တရားခံ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့၏ ရှေ့နေ ဦးလှမျိုးမြင့်က ပြန်လှန်စစ်မေးရာတွင် Mr. John William Yettaw အပေါ် ရာဇဝတ်မကင်းသော အိမ်ကျော်နင်းမှုအတွက် ယနေ့အထိ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ခဲ့ခြင်း မရှိသေးဟုဆိုလျှင် အိမ်ကျော်နင်းမှုနှင့်စပ်လျဉ်း၍ အရေးယူထားခြင်း မရှိသေးကြောင်း၊ လဝကအက်ဖြင့် အရေးယူထားခြင်းရှိကြောင်း ရဲမှူးကြီးဝင်းနိုင်ထွန်းက ရှင်းလင်းဖြေကြားထွက်ဆိုသည်။

ပြန်လှန်စစ်မေး

ပြန်ခေါ်သက်သေ ဒုတိယရဲမှူး စကျော်ဝင်းအား တရားခံဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် အထက်ကစေခိုင်း၍ ဆောင်ရွက်ရသည်ဆိုရာ ရဲအရာရှိတစ်ဦးအနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ခွင့်ရှိသည်ဆိုလျှင် မှန်ကြောင်း၊ ဥပဒေနှင့်အညီ လုပ်ရသည်မှာလည်း မှန်ကြောင်းဖြင့် ရှင်းလင်းထွက်ဆိုသည်။

ပြန်ခေါ်သက်သေ ဒုတိယရဲမှူးတင်ဇော်ထွန်းအား တရားခံ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ မိမိ ဦးဆောင်မှုပြုပြီး ရှာဖွေမှုပြုခဲ့သည့်နေ့ရက်မှာ မေ ၇ရက် နံနက်ပိုင်းဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ထိုနေ့ရက်တွင် ပထမသတင်းပေး တိုင်တန်းချက်ကို ရေးဖွင့်ရခြင်းမရှိသေးဟုဆိုလျှင် မှန်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အပ်ပေးသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ကျွန်မပဲ တာဝန်ယူကြောင်း ပြောကြားချက်သည် အမှုအတွက် တာဝန်ယူခြင်းမဟုတ်ဘဲ ပစ္စည်းအပ်ပေးသူအဖြစ်သာ တာဝန်ယူခြင်းဖြစ်သည် ဆိုလျှင် Mr. John William Yettaw ထားခဲ့သည့် ပစ္စည်း၊ ကျန်ခဲ့သည့်ပစ္စည်း၊ လက်ဆောင်ပေးခဲ့သည့်ပစ္စည်းတို့နှင့်စပ်လျဉ်း၍ သူမမှာ တာဝန်ရှိသည်ဟု ပြောခြင်းဖြစ်ကြောင်း ဖြင့် ရှင်းလင်းထွက်ဆိုသည်။

တရားလိုပြသက်သေများအနက် စွဲချက်မတင်မီက စစ်ဆေးရန် ကျန်ရှိနေသော တရားလိုပြသက်သေများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်စစ်ဆေးသည်။

ဆက်လက်စစ်ဆေး

တရားလိုပြသက်သေ အမှုစစ်အရာရှိ သတင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးသန်းစိုးကို ဆက်လက်စစ်ဆေးရာတွင် မိမိသည် သတင်းတပ်ဖွဲ့ တရားစွဲဌာန၌ ဒုတိယရဲမှူး (အမှုစစ်) အဖြစ် တာဝန်ထမ်းဆောင်ကြောင်း၊ ဗဟန်းရဲစခန်း (ပ) ၃၀၁/၀၉ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အမှုကို စုံစမ်းစစ်ဆေးရန် မေ ၁၁ရက်တွင် လက်ခံရရှိခဲ့ကြောင်း၊ ထိုနေ့တွင်ပင် အမှုနှင့်ဆက်စပ်သည့် သက်သေများကို စတင်စစ်ဆေးခဲ့ကြောင်း၊ နောက်တစ်နေ့ မေ ၁၂ရက်တွင်လည်း သက်သေရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်သည့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများကို စစ်ဆေးရကြောင်း၊ ထိုနေ့တွင်ပင် ဒုတိယရဲမှူးမောင်မောင်မြင့်က Mr. John William Yettaw ထံမှ သိမ်းဆည်းခဲ့သည့် ပစ္စည်းများနှင့် ရှာဖွေပုံစံကို လည်းကောင်း၊ ဒုတိယရဲမှူးတင်ဇော်ထွန်းက ဒေါ်အောင်ဆန်းစုကြည်ထံမှ သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများနှင့် ရှာဖွေပုံစံကိုလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည့် ရှာဖွေဝရမ်းနှင့် ဝရမ်းအတည်ပြုမှု အစီရင်ခံစာကိုလည်းကောင်း လွှဲပြောင်းပေးသဖြင့် လက်ခံရရှိကြောင်း၊ မေ ၁၃ရက်တွင် Mr. John William Yettaw တည်းခိုသည့် ဇမ္ဗူတီးလဲန်း(၂) ဟိုတယ်အခန်းတွင်းမှ ပစ္စည်းများရှာဖွေသိမ်းဆည်းခြင်းနှင့် ဆက်စပ်သည့်သက်သေများကို စစ်ဆေးခဲ့ပြီး ဒုတိယရဲမှူးစကျော်ဝင်း လွှဲပြောင်းပေးသော ရှာဖွေပုံစံနှင့် သက်သေခံပစ္စည်းများကို လက်ခံရရှိကြောင်း၊ မေ ၁၄ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့အား အမှုဖြင့် ဖမ်းဆီးခဲ့ပြီး ဗဟန်းရဲစခန်း စွဲချက်အမှတ် ၂၆၃/၂၀၀၉ အရ ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့အား ယင်းဥပဒေပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉အရလည်းကောင်း ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉မှ တရားလိုပြသက်သေ စုစုပေါင်း ၂၃ဦးအနက် ၁၅ဦးကို စစ်ဆေးပြီးဖြစ်သဖြင့် ကျန်တရားလိုပြသက်သေ ရှစ်ဦးကို မစစ်ဆေးတော့ဘဲ ပယ်ကြောင်း တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သည့် ခရိုင်ဥပဒေအရာရှိက တင်ပြလျှောက်ထားသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန်အတွက် မေ ၂၆ရက် နံနက်၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၅-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၈:၀၀ ၅။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၆။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** မင်းမော်ကွန်း၊လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်၊ ဝွမ်းပုံ၊ ဇရာ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Local Talent

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ **လူကူးမျဉ်းကျားမှကူးမယ်**
- ၅:၁၀ ၈။ တေးဂီတအစီအစဉ်
- ၅:၂၅ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၅:၄၅ ၁၁။ ချစ်ကြည်ဆင်နွဲယဉ်ကျေးမှုကပွဲ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၅ ၁၅။ ဆိုလိုက်ကြစို့
- ၇:၂၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၈)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁၉)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးပိုလာမည်

ရန်ကုန် မေ ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရန်ကုန်တိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟားခါးမြို့တွင် ၃ဒသမ၂၇လက်မ၊ မော်လိုက်မြို့တွင် ၂ဒသမ၉၅လက်မ၊ ဖျာပုံမြို့တွင် ၂ဒသမ၆၀လက်မ၊ ကလေးမြို့တွင် ၁ဒသမ၈၅လက်မနှင့် ကသာမြို့တွင် ၁ဒသမ၇၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "အိုင်လာ"သည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကမ်းခြေဒေသကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မေ ၂၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

❒ *ရှေ့ဖုံးမှ*

ဖွင့်လှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း မိုင်တိုင် (၄၂/၆)၌ ယောချောင်းကိုဖြတ်၍ အမှတ်(၁) ပေါက်တံတား(အုန်းတော)ကို ၂၀၀၅ခုနှစ် ဇူလိုင် ၁၃ရက်က ဖွင့်လှစ်ပေးခဲ့သည်။

အရေးပါ

ယင်းတံတားကြီးတည်ရှိရာ ပေါက်မြို့သည် ဂန့်ဂေါ၊ ဆော စသည့် ယောဒေသတစ်ခုလုံးနှင့် ချင်းပြည်နယ်တို့ ထွက်ပေါက်ဝတွင်ရှိ၍ အရေးပါလှပေသည်။ ၄င်းတံတား အရှည်မှာ ပေ ၁၈၄၀ဖြစ်ပြီး တစ်လမ်းသွားတံတားဖြစ်၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန်၂၀ ဖြစ်ပေသည်။

ရင်းရင်းနှီးနှီး

နိုင်ငံတော်က ထိုကဲ့သို့ လမ်းတံတားများ ဖောက်လုပ်တည်ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားညီအစ်ကိုများအကြား အသိပညာ၊ ဗဟုသုတများ ရင်းရင်းနှီးနှီး ဖလှယ်နိုင်ရန် ဒေသတစ်ခုနှင့် တစ်ခုအကြား ကုန်စည်ရောင်းဝယ်ဖလှယ်နိုင်ရန် စသည့် ကျယ်ပြန့်သော စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်လာရေး အကျိုးဆက်များ ရရှိခံစားလျက် ရှိနေပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတ စက်မှုဇုန်လုပ်ငန်းရှင်များ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး (၂၀၀၈-၂၀၀၉)ကို ဒေါပုံမြို့နယ် ရွှေပုစွန်မင်္ဂလာခန်းမတွင် မေ ၂၅ရက်က ကျင်းပရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း အမှာစကားပြောကြားစဉ်။ (၅၃)

အိုင်တီနည်းပညာကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်ရေး
ကွန်ပျူတာပညာရှင်အသင်းက ထူးခြားသည့်အစီအစဉ်များဆောင်ရွက်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၅

အိုင်တီနည်းပညာကား အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်။ နိုင်ငံတကာတွင် အချိန်နှင့်အမျှ အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးစားလျက်ရှိသည်။

အားရဖွယ်

မြန်မာနိုင်ငံအတွင်း အိုင်တီနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့က စွမ်းအားပြည့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်မှာ အားရဖွယ်ဖြစ်သည်။

“အိုင်တီနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲ၊ ဟောပြောပွဲနဲ့ သင်တန်းတွေပေးဖို့လည်း စီစဉ်ထားပါတယ်”

ဦးခွန်ဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း။

“မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှာ အသင်းဝင်ဦးရေ ၇၀၀၀ ခန့် ရှိနေပါတယ်”

ဦးမင်းဦး
MCPA။

ထူးထူးခြားခြား

ထို့ကြောင့် မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (အမ်စီပီအေ)၏ ၂၀၀၉ခုနှစ်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့သည်။

“အရင်နှစ်တွေကလည်း သူ့အစီအစဉ်နဲ့သူ လုပ်ဆောင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ထူးထူးခြားခြား ဆောင်ရွက်ဖို့ရှိနေပါတယ်။ အဲဒါတွေကတော့ ကျွန်တော်တို့ ကွန်ပျူတာပညာရှင်အသင်း အနေနဲ့ Hardware ဦးစားပေးတဲ့ ပြပွဲတစ်ပွဲ ကျင်းပသွားဖို့ အစီအစဉ်ရှိပါတယ်။ အရင်က ကျင်းပခဲ့တဲ့ ပြပွဲတွေကတော့ ဆော့ဖ်ဝဲလ် ဦးစားပေးခဲ့တာဆိုတော့ အပြောင်းအလဲအဖြစ် Hardware ဦးစားပေးပြပွဲပြုလုပ်ဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကွန်ပျူတာပညာရှင်အသင်းက ကျင်းပတဲ့ MCPA Exam ကို လာမယ့်ဖွန်လမှာ တစ်ကြိမ်၊ စက်တင်ဘာမှာ တစ်ကြိမ် ကျင်းပပေးသွားမယ်။ အရင်က အကြောင်းအမျိုးမျိုးကြောင့် ခေတ္တရပ်နားထားခဲ့တဲ့ စာမေးပွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အိုင်တီကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်တွေ၊ အိုင်တီပညာရှင်တွေ၊ Professional တွေ အများကြီးပေါ်ထွက်ဖို့ လိုပါတယ်။ ဒါကြောင့် ဒီနှစ်အတွင်းမှာ အိုင်တီနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲ၊ ဟောပြောပွဲနဲ့ သင်တန်းတွေပေးဖို့လည်း စီစဉ်ထားပါတယ်”ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးခွန်ဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အိုင်တီနည်းပညာ

မှန်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော ဆော့ဖ်ဝဲလ်ပညာများ၊ ဟက်ဒ်ဝဲလ် ပညာများအပြင် အိုင်တီနည်းပညာသစ်များကို လူငယ်များ၊ ပညာရှင်များထံ ရောက်ရှိစေရန် လိုအပ်သည်ဖြစ်ရာ ယင်းအချက်ကို ကွန်ပျူတာပညာရှင်အသင်းက တတ်စွမ်းသမျှဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

ကျွမ်းကျင်မှုစစ်နှုန်း

တစ်ဖန် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း၏ နည်းပညာကော်မတီဥက္ကဋ္ဌ ဦးနေလင်းသန်းကလည်း “ဒီနှစ်ထဲမှာ အိုင်တီနည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်မှုအနေနဲ့ ကျွမ်းကျင်မှုစံနှုန်း သတ်မှတ်ပေးဖို့ ပထမအဆင့် သုံးလသင်တန်းပေးဖို့ရှိတယ်။ ဖွန်လကုန်မှာ စာမေးပွဲ စစ်ဆေးဖို့လည်းရှိတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအနေနဲ့ လက်တွေ့စမ်းသပ်ခန်းတစ်ခု တည်ထောင်တော့မှာဖြစ်ပါတယ်။ လိုအပ်ချက်ဖြစ်တဲ့ ပစ္စည်းကိရိယာတွေလည်း ဖြည့်ဆည်းနေပါတယ်။ အိုင်တီ လက်တွေ့စမ်းသပ်ခန်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို လာရောက်လှူဒါန်းလို့လည်းရတယ်။ ဒီလို အိုင်တီလက်တွေ့စမ်းသပ်ခန်းတည်ထောင်တာက အရင်တုန်းက စာမေးပွဲအောင်ရင် လက်မှတ်ပေးခဲ့တယ်။ အခုတော့ စာမေးပွဲအောင်ရုံတင်မရဘူး လက်တွေ့အသုံးပြုတတ်မှု ဘယ်လောက်အထိ ရှိလဲဆိုတာပါ စမ်းသပ်မှုပြုလုပ်ပေးသွားမှာပါ။ ဒါဟာ စာမေးပွဲအောင်သူတွေအတွက် အရည်အချင်းပိုမြင့်ပေးလိုက်တဲ့သဘောပါပဲ”ဟုမြန်မာ့အလင်းသို့ ရှင်းပြသည်။

အရည်အသွေး

အိုင်တီပညာရပ်များ ဖွံ့ဖြိုးကျယ်ပြန့်လာသည့်နည်းတူ လူငယ်များအရည်အသွေး ပိုမြင့်လာစေရန် အိုင်တီနည်းပညာနှင့် အသုံးချမှုနယ်ပယ် ပိုမိုကျယ်ပြန့်လာစေရန် အထူးလိုအပ်ပေသည်။ ထိုအချက်ကိုလည်း နည်းပညာကော်မတီက ဖြည့်ဆည်းပေးလျက်ရှိနေသည်။

၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ ပညာရေးကော်မတီအနေဖြင့်လည်း “ဒီနှစ်အတွင်းမှာ သင်တန်းတွေဖွင့်လှစ်မယ်၊ ဟောပြောပွဲတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ အဆက်မပြတ်ကျင်းပပေးသွားမယ့်အပြင် ပညာပေးအစီအစဉ်တွေလည်း ကျင်းပပေးသွားမှာပါ။ ရန်ကုန်မှာတော့ ဟောပြောပွဲတွေ နှစ်ပတ်တစ်ကြိမ် ကျင်းပပေးနေပါတယ်။ နောက်ပြီး တစ်နေကုန်ဆွေးနွေးပွဲတွေလည်း ဆက်လက်ပြုလုပ်ပေးသွားမှာပါ။ ဖွန်လနောက်ဆုံးသီတင်းပတ်မှာ မန္တလေးနဲ့ စစ်ကိုင်း၊ ဇူလိုင်လမှာ ရေဝတီတိုင်းတွေသွားပြီး ဆွေးနွေးပွဲတွေ ပြုလုပ်ပေးသွားဖို့ စီစဉ်ထားပါတယ်။ နောက်ပြီး MCPA က ကျင်းပတဲ့ စာမေးပွဲတွေအတွက် အထောက်အကူပြုသင်တန်းတွေ ဖွင့်ပေးနေတဲ့အပြင် ပြည်တွင်းပြည်ပ အိုင်တီကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ထိရောက်တဲ့သင်တန်းတွေ ဖွင့်ပေးသွားဖို့လည်း စီစဉ်နေပါတယ်”ဟု MCPA ပညာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းထိန်ဝင်းက ဆက်လက်ရှင်းပြသည်။

“ထိရောက်တဲ့ သင်တန်းတွေဖွင့်ပေးသွားဖို့လည်း စီစဉ်နေပါတယ်”

ဦးဝင်းထိန်ဝင်း
MCPA။

“အိုင်တီလက်တွေ့ စမ်းသပ်ခန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေကို လာရောက်လှူဒါန်းလို့လည်း ရပါတယ်”

ဦးနေလင်းသန်း
MCPA။

အိုင်တီနည်းပညာများ လူငယ်များအတွင်း နားလည်သိရှိတတ်ကျွမ်းစေရန် ဟောပြောပွဲများ၊ သင်တန်းများ၊ ပညာပေးအစီအစဉ်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ မပြတ်တမ်းပြုလုပ်ပေးရန်လည်း လိုအပ်ပေသည်။

လျှောက်ထားနိုင်

ထို့အပြင် MCPA ၏ အသင်းသားများ ကိစ္စနှင့်ပတ်သက်၍လည်း အသင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးမင်းဦးက “လက်ရှိအချိန်မှာ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းမှာ အသင်းဝင်ဦးရေ ၇၀၀၀ခန့် ရှိနေပါတယ်။ အသင်းဝင်ဦးရေ ပိုပြီးတိုးမြှင့်လာဖို့ အသင်းဝင်တွေနဲ့ ကွန်ပျူတာပညာရှင်အသင်းပိုပြီး ထိတွေ့ဆက်ဆံမှုရှိစေဖို့အတွက် စကားဝိုင်းအစီအစဉ်တွေ ဒီနှစ်ထဲမှာ ကျင်းပပေးသွားမယ်။ ဒီလိုစကားဝိုင်းတွေမှာ အသင်းဝင်တွေ၊ ကွန်ပျူတာနယ်ပယ်မှာ လှုပ်ရှားနေတဲ့သူတွေ၊ လုပ်ငန်းရှင်တွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ မိဘတွေကအစ အိုင်တီနဲ့ပတ်သက်တဲ့သူတို့ သိချင်တာကို လွတ်လွတ်လပ်လပ်မေးလို့ ပြောလို့ရအောင် စီစဉ်ပေးသွားမှာပါ။ နောက်ပြီး အသင်းသား အဆိုပြုလွှာတွေကို အွန်လိုင်းကနေ အလွယ်တကူလျှောက်လို့ရအောင်လည်း ပိုမိုကောင်းမွန်တဲ့ အစီအစဉ်တွေနဲ့ ဆောင်ရွက်ပေးသွားမယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

လျှောက်ထားနိုင်

ကွန်ပျူတာပညာရှင်အသင်းအဖွဲ့ဝင် အသင်းသားအနေဖြင့် လျှောက်ထားလိုသူများသည် ကွန်ပျူတာနှင့်သက်ဆိုင်သော တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်နေသူများ၊ အနည်းဆုံးခြောက်လ သင်တန်းတက်ထားပြီး သင်တန်းလက်မှတ်ရရှိထားသူများ၊ ကွန်ပျူတာနှင့် ပတ်သက်ပြီး လုပ်ငန်းခွင်၌ အနည်းဆုံး နှစ်နှစ်အတွေ့အကြုံရှိသူများ လျှောက်ထားနိုင်ကြောင်းသိရသည်။

ဝက်ဘ်ဆိုက်အသစ်

ထို့နောက် ပြန်ကြားရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းခိုင်ကလည်း “ဒီနှစ်ထဲမှာ ဝက်ဘ်ဆိုက်အသစ်တစ်ခုတင်နေပါတယ်။ အရင်က ဝက်ဘ်ဆိုက်တစ်ခုရှိပြီးသားပါ။ နောက်ထပ် ဝက်ဘ်ဆိုက်တစ်ခုထပ်တင်တာက အသင်းရဲ့ဆောင်ရွက်မှု၊ အသင်းသားတွေနဲ့အသင်းအကြား ပိုမိုထိတွေ့ဆက်ဆံနိုင်မှု၊ သတင်းလွှာတွေထုတ်ပြန်နိုင်ဖို့နဲ့ အသင်းသားအသစ်တွေရရှိ တိုးပွားစေရေးနဲ့ ကျန်တဲ့ကော်မတီတွေကို ပိုမိုထောက်ပံ့ပေးနိုင်ဖို့အတွက်ပါပဲ”ဟု ရှင်းပြပါသည်။

စွမ်းဆောင်

မြန်မာနိုင်ငံတစ်ဝန်း အိုင်တီနည်းပညာပြန့်ပွားမှု၊ သုံးစွဲမှုနှင့် အိုင်တီနည်းပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုသူ ဦးရေတိုးပွားလာစေမှုနှင့် မြန်မာနိုင်ငံတွင်ရှိသည့် ကွန်ပျူတာပညာရှင်လူငယ်များ မြန်မာနိုင်ငံ၌သာမက နိုင်ငံတကာနယ်ပယ်တွင် ဝင်ဆံ့နိုင်စေရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကလည်း တစ်ဖက်တစ်လမ်းက ကြိုးစားဖြည့်ဆည်း စွမ်းဆောင်ပေးနေပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအတွင်း အိုင်တီနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုး တိုးတက်လာစေရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့က စွမ်းအားပြည့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်မှာ အားရဖွယ်ဖြစ်။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၂၅

ပန်းပုအရောင်းပွဲတော် ပိတ်ရက်မရှိဖွင့်လှစ်ပြသထား

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ ဆရာစံပလာဇာ၌ ဖွင့်လှစ်ပြသထားသော မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ပိတ်ရက်မရှိဖွင့်လှစ်ထားကြောင်း၊ ဝင်ကြေး နိုင်ငံသား ကျပ် ၅၀၀၊ နိုင်ငံခြားသား 5 USD ဖြင့် မည်သူမဆို ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းဂျာနယ်အသွင်သစ်ထုတ်ဝေမည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသည့် နိုင်ငံတကာသတင်းဂျာနယ်ကို အသွင်သစ်၊ အမြင်သစ်ရောင်စုံမျက်နှာဖုံးဖြင့် ဇွန် ၁ရက်မှစ၍ တနင်္လာနေ့တိုင်း ထုတ်ဝေမည်ဖြစ်သည်။

ရုရှားဘာသာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(UMTA)၏ စီစဉ်မှုဖြင့် ရုရှားဘာသာ(Intermediate Level) အမှတ်စဉ် (၂) သင်တန်းကို လာမည့် ဇွန်လလယ်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း- ၅၅၉၆၇၂နှင့် ၅၅၉၆၇၃တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ရုပ်သံကျွမ်းကျင်(၂) စာမေးပွဲအောင်စာရင်းထုတ်ပြန်

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် စာမေးပွဲစစ်ဆေးခဲ့သည့် အသံလွှင့်ကျွမ်းကျင်(၂)/အသံလွှင့်ကျွမ်းကျင်(၂) (တိုင်းရင်းသား)/အသံလွှင့်ကျွမ်းကျင်(၂) (လွှင့်သံထောက်)/ရုပ်သံကျွမ်းကျင်(၂)/ကျွမ်းကျင်(၂)ကွန်ပျူတာရာထူးများ ဖြေဆိုအောင်မြင်သူစာရင်းကို ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စုံစမ်းရေးဂိတ်၌ ကြေညာထားပြီး အသေးစိတ်ကို ဖုန်း-၀၆၇-၇၉၁၈၅ သို့ မေးမြန်းစုံစမ်းနိုင်သည်။

အဏုဇီဝဗေဒအဖွဲ့ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်က ကျင်းပမည့် ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို မေ ၃၀ရက်(စနေနေ့) နံနက် ၉နာရီတွင် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင် ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲတစ်ရပ်ကို မေ ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံလမ်း အမှတ် ၁/၁၉ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ခွင့်ရှိသူများမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ ဖြစ်ပြီး CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။ မေ ၂၇ရက် နောက်ဆုံးထား၍ သင်တန်းကျောင်းသို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး နယ်မှတက်ရောက်လိုပါက ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်သည်။

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်၍ အင်တာနက်နှင့် အီးမေးလ်သင်တန်းကို ဇွန် ၈ရက်မှစ၍ ရှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်းအနောက်ဘက်တန်းတွင် လျှောက်လွှာရယူ၍ ဇွန် ၅ရက် နောက်ဆုံးထားပေးပို့နိုင်သည်။

ပခုက္ကူဦးအုံးဖေ စာမူဆုရ စာအုပ်များဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ပခုက္ကူဦးအုံးဖေစာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချထားရာ စာပေဗိမာန်စာအုပ်ဆိုင်အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်၊ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

ဟော့ရှော့-၃ ရိုက်ကူးရန်စီစဉ်

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးသည့် ဟော့ရှော့-၂ ဇာတ်ကားကြီး မကြာမီရုံတင်မည်ဖြစ်သော်လည်း ဟော့ရှော့-၃ ဇာတ်ကားကို ရိုက်ကူးရန် ကြိုတင်ကန်တော့ပွဲပေးအခမ်းအနားကို မေ ၂၄ရက် နံနက် ၁၀ နာရီက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ရာ သရုပ်ဆောင်ပိုင်းအနေဖြင့် အပြောင်းအလဲလုပ်ထားပြီး မကြာမီရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။ ။
(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ညောင်လေးပင် ရတနာလမ်း ကွန်ကရစ် တံတားဆောင်ရွက်

ညောင်လေးပင် မေ ၂၅

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းတံတားများအား စီမံချက်များ ရေးဆွဲ၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ မြို့မ(၂) ရပ်ကွက် ရတနာလမ်းရှိ အလျား ၁၂ပေ၊ အကျယ် ၆ပေ နှင့် အမြင့် ၅ပေရှိ ကွန်ကရစ်တံတားဆောင်ရွက်ရာသို့ မေ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်း တို့က ကွင်းဆင်းကြပ်မတ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

စီရိုနယ်ဒို မန်ယူမှာ ဆက်ကစားမယ်

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - တင်မောင်လွင် (မြန်မာ့အလင်း)

လန်ဒန် မေ ၂၅

ဒီနှစ်ဘောလုံးရာသီ ကုန်ရင် မန်ယူအသင်းက ထွက်ခွာတော့မယ်ဆိုတဲ့ သတင်းတွေဟာ မဟုတ်မမှန်ကြောင်းနဲ့မန်ယူအသင်းမှာပဲ ဆက်လက်ကစားသွားမှာ ဖြစ်တဲ့အကြောင်း ပေါ်တူဂီနဲ့ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ပြောကြား

စပိန်ကလပ် ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေး ပေါင် ၇၅သန်းနဲ့ ခေါ်ယူမယ့် သတင်းတွေ ထွက်ပေါ်လာသလို စီရိုနယ်ဒိုထွက်သွားရင် မန်ယူမှာ သူ့နေရာအစားထိုးဖို့ လူရှာနေပြီဆိုတဲ့ သတင်းတွေထွက်ပေါ်နေချိန်မှာ စီရိုနယ်ဒိုက အခုလိုထုတ်ဖော် ပြောကြားလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဖြစ်ထွန်း

မန်ယူအသင်းဟာ မိမိဘဝရဲ့ တိုးတက်အောင်မြင်မှုတွေကို ဖြစ်ထွန်းစေခဲ့တဲ့ အသင်းဖြစ်လို့ မိမိရဲ့ အသည်းနှလုံးလို ဖြစ်နေပါပြီ၊ မန်ယူမှာ ကစားရတာလည်း ပျော်နေပါပြီလို့စီရိုနယ်ဒိုက မေ ၂၅ရက်မှာ ပြောကြားလိုက်ပါတယ်။

ပြည့်ဝ

စီရိုနယ်ဒိုဟာ မန်ယူအသင်းမှာကစားရင်း ပြီးခဲ့တဲ့နှစ်က ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့တာမို့ မန်ယူကလပ်အတွက်ရော စီရိုနယ်ဒိုအတွက်ပါ သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင်မန်ယူကလပ်နဲ့အတူ ဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးနိုင်ခဲ့လို့ မန်ယူမှာ စီရိုနယ်ဒိုရဲ့ ဆန္ဒတွေ ပြည့်ဝစေခဲ့တာကတော့ အမှန်ပါပဲ။

သေချာ

ဒီနှစ်နွေရာသီမှာ စီရိုနယ်ဒို ရီးရဲမက်ဒရစ်ရောက်ရှိဖို့ သေချာနေပြီဖြစ်ကြောင်းနဲ့ စီရိုနယ်ဒိုနဲ့ရော မန်ယူကလပ်နဲ့ပါ စာချုပ်ချုပ်ဆိုပြီးပြီလို့ ရီးရဲမက်ဒရစ်ကလပ်က ထုတ်ဖော်ပြောကြားနေပါတယ်။ စီရိုနယ်ဒိုကတော့ ရီးရဲမက်ဒရစ်နဲ့

မန်ယူမှာဆက်ကစားမယ့် ဒိုလေး။

သူ့အကြားမှာ တစ်စုံတစ်ရာ သဘောတူညီမှု ရရှိထားတာမရှိဘူးလို့ ဆိုနေပါတယ်။

ရွေးချယ်

ဒီအချိန်မှာပဲ ပေါ်တူဂီနိုင်ငံမှာရှိတဲ့ နိုင်ငံခြားသတင်းမီဒီယာ (အေအိုင်ပီအီး) ကပေးတဲ့ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုပေးဖို့ ရွေးချယ်တာကို စီရိုနယ်ဒိုက စိတ်ဝင်စားမှုမပြတဲ့အပြင် ဆက်သွယ်မှုလည်း မပြုလုပ်ခဲ့တာမို့ အခုဆို အေအိုင်ပီအီးက အဲဒီဆုပေးအပ်ဖို့ ရုပ်သိမ်းလိုက်ပြီဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာပါတယ်။

ပါဝင်ခဲ့

နှစ်စဉ်နှစ်တိုင်း အေအိုင်ပီအီးက အကောင်းဆုံး ဘောလုံးသမားဆုကို ရွေးချယ်ပေးခဲ့တာဟာ ပေါ်တူဂီနိုင်ငံတွင်းကစားနေတဲ့ ဘောလုံးသမားတွေအပြင် ပြည်ပမှာကစားနေတဲ့ ပေါ်တူဂီနိုင်ငံသား ဘောလုံးသမားတွေလည်း ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ အေအိုင်ပီအီးက စီရိုနယ်ဒိုကို ပေးအပ်ဖို့ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

ထိခိုက်

စီရိုနယ်ဒိုအနေနဲ့ အဲဒီလိုဆုကို ငြင်းပယ်မှုနဲ့ပတ်သက်ပြီး ဘာမှထုတ်ဖော်ပြောဆိုခြင်း မရှိပေမယ့် မိမိဟာ ပေါ်တူဂီနိုင်ငံရဲ့ ဂုဏ်သိက္ခာ ထိခိုက်စေမယ့် အပြုအမူ မပြုလုပ်ဘူးလို့တော့ ပြောကြားနေပါတယ်။

မျှော်မှန်းနိုင်

တကယ်တော့ အေအိုင်ပီအီးဟာ အရင်နှစ်တွေက အခြားဘောလုံးသမားတွေကို ရွေးချယ်ခဲ့ပြီး စီရိုနယ်ဒိုကိုဒီနှစ်မှ ရွေးချယ်ခဲ့တာမို့ စီရိုနယ်ဒိုခံစားချက်တော့ ရှိမှာပါပဲ။ ဒါပေမယ့် မေ ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် ဖလားနောက်ဆုံးဗိုလ်လုပွဲမှာ ဖလားကာကွယ်နိုင်အောင်ကြိုးစား စွမ်းဆောင်နိုင်ခဲ့ရင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဒုတိယအကြိမ် မျှော်မှန်းနိုင်တာမို့ အဲ့ဒီပွဲမှာ စီရိုနယ်ဒို ကမ္ဘာ့အကောင်းဆုံး ခြေစွမ်းပြနိုင်မလားဆိုတာကို စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ **(အင်တာနက်)**

ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ဖာဒီနန်ပါဝင်ကစားမည် ဖာဂူဆန်ပြောကြား

လန်ဒန် မေ ၂၅

မန်ယူခံစစ်မှူး ဖာဒီနန်အနေဖြင့် မေ ၂၄ရက်က ဟူးလ်စီးတီးနှင့်ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်တွင် မပါဝင်နိုင်သော်လည်း မန်ယူနှင့် ဘာစီလိုနာတို့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ကြံ့ခိုင်မှုပြည့်ဝစွာဖြင့် ပါဝင်နိုင်မည်ဟု နည်းပြဖာဂူဆန်က အခိုင်အမာ ပြောကြားသည်။

ပရီမီယာလိဂ်သရဖူကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးပြီးခဲ့သော မန်ယူအသင်းသည် ဟူးလ်စီးတီးနှင့်ပွဲစဉ်၌ပထမပိုင်းတွင် ဒါရွန်ဂစ်ဘ်ဆန်သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဟူးလ်စီးတီးအသင်းအနေဖြင့် ရှုံးပွဲကြုံခဲ့သော်လည်း နယူးကာဆယ်က အက်စ်တွန်ဗီလာကို ရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းရမည့်ဘေးမှ သီသီကလေး ရှောင်ရှားနိုင်ခဲ့သည်။ (အင်တာနက်)

အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ပီယင်နာနှင့် နဗီးလ်ပါဝင်နိုင်ရေး အဲဗာတန်နည်းပြ မိုယက်စ် ပူပန်နေရဟုဆို

လန်ဒန် မေ ၂၅

လာမည့် မေ ၃၀ရက်၌ အက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် အဲဗာတန် နှင့်ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားကြမည့် ပွဲစဉ်တွင် ပါဝင်ကစားနိုင်ရန် တောင်အာဖရိကနှင့် အဲဗာတန်ကစားသမား စတီဗင်ပီယင်နာနှင့် ကွင်းလယ်ကစားသမား ဖီးလ်နဗီးလ်တို့ ကြံ့ခိုင်မှုပြည့်ဝရေးအတွက် နည်းပြဒေးဗစ်မိုယက်စ်အနေဖြင့် စိုးရိမ်ပူပန်နေရကြောင်း သတင်း၌ ဖော်ပြသည်။

ပီယင်နာနှင့်မန်ယူ ကြယ်ပွင့်ဟောင်း နဗီးလ်တို့နှစ်ဦးစလုံးသည် ပြီးခဲ့သည့် မေ ၂၄ရက်တွင် အဲဗာတန်က ဖူလ်ဟမ်အား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ အသီးသီးရရှိခဲ့ကြပြီး ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲ၌ ကြံ့ခိုင်မှုပြည့်ဝစွာဖြင့် ပါဝင်ခွင့်ရရှိနိုင်ရေးအတွက် ဆေးစစ်ဆေးမှုများ ပြုလုပ်နေရသည်ဟုဆိုသည်။ **(အင်တာနက်)**

အက်ဖ်အေဖလားဗိုလ်လုပွဲ၌ လမ်းပတ်နှင့် ကစားသမား အားလုံးပါဝင်နိုင်မည် ဂူဟစ်ဒင့် ပြောကြား

လန်ဒန် မေ ၂၅

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘလေကွင်း၌ လာမည့် မေ ၃၀ရက် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် အဲဗာတန်

အသင်းနှင့်ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်၌ ချယ်လ်ဆီးအသင်းမှ လမ်းပတ်နှင့် အခြား ဒဏ်ရာရကစားသမားများအားလုံး ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ကစားနိုင်မည်ဟု ယုံကြည်ကြောင်း နည်းပြဂူဟစ်ဒင့်က ပြောကြားသည်။

အင်္ဂလန်ကွင်းလယ် ကစားသမား လမ်းပတ်နှင့် ဘရာဇီးနှင့်ချယ်လ်ဆီးခံစစ်မှူး အဲလက်စ်တို့သည် မေ ၂၄ရက်က ချယ်လ်ဆီးက ဆန်းဒါးလန်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် မပါဝင်နိုင်ခဲ့ချေ။ ထို့အတူ ဘယ်လက်တီသည်လည်း ၂၇မိနစ်ကစားပြီးနောက် ကြံ့ခိုင်မှုမပြည့်ဝသောကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ **(အင်တာနက်)**

စထရာချန်၏အနာဂတ် စဉ်းစားစရာဖြစ်လာဟုဆို

ဂလပ်စကို မေ ၂၅

ဆဲလ်တစ်နည်းပြ ဂေါ်ဒွန်စထရာချန်**(ယာပုံ)**အနေဖြင့် ဆဲလ်တစ်အသင်းကို စကော့တလန် ပရီမီယာလိဂ်သရဖူကို လေးနှစ်ဆက်တိုက် ဆွတ်ခူးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သည့်အတွက် ဆဲလ်တစ်အသင်းတွင် ၎င်း၏ အနာဂတ်အတွက် စဉ်းစားချင့်ချိန်မှုများ ပြုလုပ်နေရပြီဟု ဆိုသည်။

ကြိုးပမ်းခဲ့

စထရာချန်သည် မေ ၂၄ ရက်က ဆဲလ်တစ်အသင်း၏ စိတ်ပျက်ဖွယ်ရှုံးနိမ့်မှုနှင့်ကြုံခဲ့ရပြီးနောက် မေးခွန်းများကို ရှောင်ရှားခဲ့ပြီး ၎င်း၏အနာဂတ်နှင့် ပတ်သက်ပြီး ထင်ကြေးသတင်းများ ထွက်ပေါ်လာမှုကို ချေပခြင်း မရှိခဲ့ချေ။ စကော့တလန် ကွင်းလယ်ကစားသမားဟောင်း စထရာချန်အား ရစ်ကီဆက်ဘရာဂီယာနည်းပြ ကိုင်တွယ်ခဲ့သည့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် ကြိမ်ဖန်များစွာ ဆက်သွယ် ကြိုးစားခဲ့သည်။

(အင်တာနက်)

ဆဲလ်တစ်နည်းပြ စထရာချန်။

တံတွေးဖြင့်ထွေးသည်ဟု စွပ်စွဲခံရသူ ဖာဘရီဂတ်စ် သက်သေမရှိ၍ အက်ဖ်အေက အရေးမယူဟုဆို

လန်ဒန် မေ ၂၅

အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်**(ယာပုံ)**အနေဖြင့် ဟူးလ်စီးတီးလက်ထောက်နည်းပြ ဘရိုင်ယန်ဟော်တန်အား တံတွေးဖြင့် ထွေးခဲ့သည်ဟူသော စွပ်စွဲချက်အတွက် အရေးယူခံရမည်မဟုတ်ဟုဆိုသည်။

ယင်းသို့ အရေးယူ မခံခဲ့ရခြင်းမှာ သက်သေမရှိဟု အက်ဖ်အေက ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

အမ်းမရိတ်၌ ပြီးခဲ့သည့် မတ် ၁၇ ရက်က အက်ဖ်အေဖလားပြိုင်ပွဲပြီးနောက် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီ

ဂတ်စ်သည် မလျော်ကန်သော အပြုအမူ နှစ်ခုကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ ထိုပွဲစဉ် ကစားစဉ်က ဖာဘရီဂတ်စ်သည် ဒဏ်ရာရနေပြီး ပွဲသိမ်းခရာမှုတ်သည့်တိုင်အောင် ကစားဖော်များ၏ အောင်မြင်မှုကို အားပေးရန် အရန်ထိုင်ခုံမှ စောင့်ကြည့်နေခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ချစ်စိုးနိုင်စုစည်းသည်

(၂၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

အချစ်ဆုံး ဖေဖေ **ဒုတိယရဲမှူးကြီးထွန်းလှ** (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)

နှင့်

အချစ်ဆုံး မေမေ **ဒေါ်ခင်မျိုးသစ်** (အထက-၁၊ မြိတ်၊ ငြိမ်း)

တို့၏

၂၆-၅-၂၀၀၉ ရက်တွင် ကျရောက်သည့် (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာအထိ ရတုပေါင်းများစွာကိုဖြတ်သန်းလျက် နှစ်တစ်ရာတိုင် ချစ်ကမ္ဘာခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်-

ချစ်သော ဖေဖေနှင့် မေမေ အသက်ရာကျော်ရှည်ပါစေ။

ချစ်သားကြီး - လှထွဋ်တိုး
EMBRY-RIDDLE
AERONAUTICAL UNIVERSITY
Daytona Beach, Florida
U.S.A

ချစ်သားငယ် - မင်းမျိုးအောင်
First Year,Bachelor of Science(Hons)in Accounting & Finance
Management Development
Institute of Singapore

လက်ထပ်ပြီးစီးခြင်း

တနင်္သာရီတိုင်း၊ ထားဝယ်မြို့နေ
ဒေါက်တာကျော်မင်း(တိုင်းဆရာဝန်ကြီး၊ ခုခံကျ/ကာလသားရောဂါ
တိုက်ဖျက်ရေး၊ မြိတ်မြို့၊ တနင်္သာရီတိုင်း)-ဒေါ်တင်တင်ရှိန်
တို့၏ သားထွေး

မောင်သန်းဇော်မင်း Final Part-II (IM-2)

နှင့်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နေ
ဦးကိုကိုလွင်-ဒေါ်ခင်သီတာဦး
တို့၏သမီးကြီး

မအေမီကိုလွင် (အလုပ်သင်ဆရာဝန်၊ အင်းစိန်ဆေးရုံကြီး)

တို့သည် ၂၀-၅-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့)တွင် တရားသူကြီးဒေါ်လွင်လွင်အေးကျော်၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလက်ထပ်ပြီး ၂၅-၅-၂၀၀၉ရက်(တနင်္လာနေ့)တွင် မင်းကွန်းတိပိဋကကျောင်းတိုက် ရွှေရတုမင်္ဂလာခန်းမ၌ မင်္ဂလာဦးဆွမ်းကျွေး ဧည့်ခံပွဲပြီးစီးပါကြောင်း။

မောင်သန်းဇော်မင်း-မအေမီကိုလွင်။

အမည်ပြောင်း

တောင်ကြီးမြို့နယ် တောင်လေးလုံး အလက အဌမတန်းအောင်မှ မောင်အောင်ကျော်မိုးအား ယနေ့မှစ၍ မောင်မင်းသူရဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသူရ။**

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အလက(၃)၊ ပထမတန်း(A)မှ စိုင်းလောင်(ဝ်)ခမ်း၏ဖခင်အမည်မှန်မှာ ဦးစိုင်းဆွယ် ၁၃/ကတန(နိုင်)၀၇၁၁၅၅ ဖြစ်ပါကြောင်း။ **ဦးစိုင်းဆွယ်။**

ဒေါ်ဝင်းဝင်းခိုင် ၁၂/တမန(နိုင်)၀၅၆၆၀၈ သိရှိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်ဇော် ၁၂/ဒပန(နိုင်)၀၀၁၉၁၅နှင့် ဒေါ်ဝင်းဝင်းခိုင်တို့သည် ၂၉-၈-၂၀၀၈ရက်စွဲပါ နှစ်ချုပ်စနစ်ဖြင့်ဆိုင်ခန်း ခန်းမ ငှားရမ်းခြင်းစာချုပ်ကိုချုပ်ဆိုခဲ့ပါသည်။ ယင်းစာချုပ်အရ ဒေါ်ဝင်းဝင်းခိုင်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်ဇော်အား ၃၀-၉-၂၀၀၈ရက်တွင် ငွေကျပ် ၂၀၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာတိတိ)ကိုလည်းကောင်း၊ ၃၁-၁၀-၂၀၀၈ရက်တွင် ငွေကျပ် ၈၀၀၀၀၀၀၀/-(ကျပ်သိန်းရှစ်ရာတိတိ)ကိုလည်းကောင်း ပေးချေရန်တာဝန်ရှိပါသည်။

ထို့ကြောင့် ၁၅-၈-၂၀၀၈ရက်စွဲပါ နို့တစ်စာဖြင့်လည်းကောင်း၊၈-၁၀-၂၀၀၈ရက်စွဲပါ နို့တစ်စာဖြင့်လည်းကောင်း ကျန်ရှိသောငှားရမ်းခများကို ပေးချေရန် ဒေါ်ဝင်းဝင်းခိုင်ထံ တောင်းခံခဲ့ပါသည်။ သို့ရာတွင် ဒေါ်ဝင်းဝင်းခိုင်မှ ငှားရမ်းခငွေများပေးချေခြင်းနှင့်စပ်လျဉ်း၍ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားရှင်းလင်းခြင်းများ မပြုခဲ့ပါ။

သို့ဖြစ်ရာ ဒေါ်ဝင်းဝင်းခိုင်အနေနှင့် စာချုပ်ပါသဘောတူညီချက်အရ ကျန်ငွေကျပ် ၁၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင်တိတိ)ကို ကျွန်ုပ် မိတ်ဆွေထံ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မပျက်မကွက် လာရောက်ပေးချေပါရန် အကြောင်းကြားပါသည်။

ထို့ပြင် အဆိုပါငှားရမ်းထားသောဆိုင်ခန်းကို ဒေါ်ဝင်းဝင်းခိုင်မှ ဆက်လက်ငှားရမ်းလိုသော ဆန္ဒရှိမရှိနှင့် ဆိုင်ခန်းတွင်းရှိ ဒေါ်ဝင်းဝင်းခိုင်ပိုင်စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို မည်သို့ဖယ်ရှားပြောင်းရွှေ့ရန် အစီအစဉ်ကို သတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မပျက်မကွက်လာရောက်ပြောကြားရှင်းလင်း ဆောင်ရွက်ပါရန်လည်း အကြောင်းကြားပါသည်။

ဒေါ်ဝင်းဝင်းခိုင်အနေနှင့် ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထက်ဖော်ပြပါကိစ္စများကို လာရောက်ရှင်းလင်းဆောင်ရွက်ခြင်းမပြုခဲ့ပါက ဒေါ်ဝင်းဝင်းခိုင်ထံမှ ငှားရမ်းခများတောင်းခံရန်၊ငှားရမ်းခများကိုစာချုပ်ပါအတိုင်း ပေးချေခြင်းမပြုခဲ့သည့်အတွက် စောင့်ဆိုင်းရသောအချိန်ကာလများအလိုက် နစ်နာကြေးများကိုတောင်းခံရန် စာချုပ်ပါစည်းကမ်းချက်များကို ဒေါ်ဝင်းဝင်းခိုင်က ဖောက်ဖျက်သည့်အတွက် အဆိုပါစာချုပ်အား တရားဝင်ဖျက်သိမ်းရန် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သတိပေး ကြေညာလိုက်ပါသည်။
ဦးဝင်းနိုင်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နိုင်ဇင်အိ**
LL.B., D.B.L., D.Apsy
အထက်တန်းရှေ့နေ (စဉ်)၂၇၀၁၁
အမှတ် ၇၇၊ ၆လွှာ၊ ၃၈လမ်း ကျောက်တံတားမြို့နယ်။

အမည်ပြောင်း

အဖဦးကျော်ခိုင်သန်း ၁၂/ဗတထ(နိုင်) ၀၀၉၀၃၁၏ သား အထက(၂) ဗိုလ်တထောင် ပဥ္စမတန်း(က)မှ မောင်ကောင်းထက်အောင်(ခ)ကောင်းမြတ်သူအား မောင်ကောင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းထက်။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဇေယျာအောင်သည်မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲမိမိသဘောအလျောက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
ဦးဝင်းနိုင်(ခ)မှူဒူကား ၇/ဝမန(ယ)၀၀၀၅၇၁၊ မစရီဂျာ SCG - ၀၀၉၂၁။

စက်ရုံရောင်းရန်ရှိသည်

တနင်္သာရီတိုင်း၊ မြိတ်မြို့၊ ကန်ကြီးရပ်၊ စီလမ်းရှိ ၁ဒသမ၆၈၃ ဧက မြေကွက်ပေါ်တွင်တည်ဆောက်ထားသော မြန်မာဂါမင်းရေလုပ်ငန်းလီမိတက် (ဖျက်သိမ်းဆဲ)ပိုင် အအေးခန်းနှင့် ရေခဲစက်ရုံအား ရောင်းရန်ရှိပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမှတ်-၆၁၅ (အာရ်)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၌ ရုံးချိန်အတွင်း လာရောက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (ဖုန်း-၅၂၆၃၂၇)
ဒေါ်ခင်စုဌေး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ။

ဥတုရာသီ တောကိုမှီ၏

ရေနံမြေများနှင့်မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအောက်ရှိ စက်ရုံများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မေ၂၃ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မြိုင်မြို့နယ်အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကျောက်ခွက်၊ လက်ပံတိုရေနံမြေသို့သွားရောက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရေနံမြေမန်နေဂျာနှင့်တာဝန်ရှိသူများက ပေနက်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များဆွေးနွေးမှာကြားပြီး တွင်းတူးစက်ပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေနံမြေရိပ်သာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်မည့် ရှေ့အလားအလာတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး ဝန်ကြီးဌာန၏ လိုလားချက်များကို ဖြည့်စွက်မှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာကြီးတောင် ရေနံမြေ **(အပေါ်ပုံ)**သို့ ရောက်ရှိရာ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများက ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှုနှင့်တွင်းသစ် တူးဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ရေနံတွင်းတူးစက်သစ်ဖြင့် စမ်းသပ် တူးဖော်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတ်ငွေ့ရည် စက်ရုံ (ကျွန်းချောင်း)သို့ ရောက်ရှိပြီး ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီးသည် မေ ၂၄ရက်တွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ဓာတ်မြေဩဇာစက်ရုံ(ကျွန်းချောင်း)အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်အရာထမ်းများအား တွေ့ဆုံကာ ဆွေးနွေးမှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အရာတော်ရေနံမြေ သဘာဝဓာတ်ငွေ့ထိန်းဖြန့်စက်ရုံ၌ သဘာဝဓာတ်ငွေ့ရရှိဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အရာတော် ရေနံမြေတွင် ပေနက်ရေနံတွင်းတူးစက်သစ်ဖြင့် စမ်းသပ်တူးဖော်ရာနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာကွန်ရက်ချိတ်ဆက်ခြင်းနှင့် ဆာဗာများစီမံခန့်ခွဲခြင်းနည်းပညာ သင်တန်းသစ်ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၅

အရှိန်အဟုန်မြင့်တိုးတက်လာသော IT နည်းပညာရပ်တွင် Server များ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါနေပြီဖြစ်သည်။

အခွင့်အလမ်း

ထို့ကြောင့် အိုင်တီနည်းပညာကို စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများအနေဖြင့် အင်တာနက်နှင့် ကွန်ရက်ဆက်သွယ်မှု နည်းစနစ်များတွင် ပါဝင်သော ကွန်ပျူတာ ဆာဗာများအား စီမံခန့်ခွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းပညာရပ်များကို စနစ်တကျ လေ့လာသင်ယူသင့်သည်။ ယခုအခါ အင်တာနက်နှင့်အီးမေးလ်သည် စီးပွားရေးလုပ်ငန်းတိုင်းအတွက် မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ထို့အပြင် ကုမ္ပဏီကြီးများတွင်လည်းရုံးတွင်ကွန်ပျူတာများကို အင်တာနက်ကွန်ရက်များချိတ်ဆက်ပြီး အသုံးပြုနေကြရုံမျှမက အနယ်နယ်အရပ်ရပ်ရှိ ရုံးခွဲများကိုလည်း ဆာဗာများဖြင့် ချိတ်ဆက်ကာ အရေးကြီးသတင်းအချက်အလက်များ ပေးပို့သည့် စနစ်များကို အသုံးပြုနေကြသည်။ သို့ဖြစ်ရာ ဆာဗာနည်းပညာကျွမ်းကျင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွန်းလာပြီဖြစ်သည်။

ယခုအခါ အင်တာနက်နှင့် ဆာဗာနည်းပညာများကို စုစည်းသင်ကြားပေးသည့် သင်တန်းတစ်ခုကို မြန်မာအင်ဖိုတက်ခ်ရှိ M3Wi တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ သင်ယူပြီးမြောက်ပါက Network/Server Admin များအဖြစ် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

အများဆုံး အသုံးပြု

ယင်း Course တွင် Networking ကို အခြေခံ၍ Networking Device များနှင့် Networking Topology များ အကြောင်းကို သင်ကြားရမည်။ ထို့အပြင် ကွန်ရက်တည်ဆောက်ရာတွင် အသုံးပြုသည့် TCP/IP နည်းပညာအကြောင်းကို သင်ကြားရမည်ဖြစ်သည်။ မြန်မာ့စီးပွားရေးလုပ်ငန်းများတွင် အများဆုံး အသုံးပြုနေကြသော Microsoft Window Server 2003 ကိုInstallation လုပ်ခြင်းမှစ၍ User များအတွက် လုပ်ပိုင်ခွင့်များကို ကန့်သတ်ပေးနိုင်ခြင်းနှင့် မိမိ Network အတွင်းရှိ User များ အသုံးပြုနိုင်စေရန် Folder များ၊ File များကို Share လုပ်ပေးခြင်း၊ မိမိရုံးအတွင်းရှိ ကွန်ပျူတာများကို DHCP Server ကို အသုံးပြု၍ IP Address ကို Automatic သတ်မှတ်စေနိုင်ခြင်းနှင့်ယင်းဆာဗာကို Maintain ပြုလုပ်ခြင်းများ သင်ကြားရမည့်အပြင် Domain Name System ဟု ခေါ်သော DNS Server အကြောင်းကိုလည်း သိရှိရမည်။

အထူးသင့်လျော်

ထို့အပြင် Microsoft IIS ဆာဗာကိုအသုံးပြု၍ Website လွှင့်တင်ခြင်း အခြေခံ သဘောတရားကို နားလည်စေပြီး ရုံးတွင်း အင်တာနက်အတွက် ကောင်းစွာ ဖန်တီးနိုင်မည်။ ရုံးတွင်း၊ ရုံးပြင် e-mail အပြန်အလှန်ပေးပို့နိုင်စေရန်အတွက် Microsoft Exchange ဆာဗာကို အသုံးပြု သင်ကြားရမည်။ Microsoft ISA ဆာဗာကို အသုံးပြု၍ မိမိရုံးတွင်း Internet connection ကို Sharing ပြုလုပ်ပေးနိုင်ခြင်း၊ မိမိ မကြည့်စေချင်သော Website များကို ဟန့်တားပေးခြင်းနှင့် ပြင်ပ အနှောင့်အယှက်များကို ကာကွယ်ပေးနိုင်ရန် စီမံ ခန့်ခွဲခြင်းများကို သိရှိရမည်။ ထို့အပြင် Microsoft SQL Database Server ကို အသုံးပြု၍ Database များကိုဖန်တီးခြင်း၊Maintain လုပ်ခြင်း၊ Backup ပြုလုပ်ခြင်းများကို သင်ကြားရမည်ဖြစ်ပါသည်။ ဤသင်တန်းသည် အင်တာနက်နှင့် ဆာဗာနည်းပညာရပ်များကို အခြေခံကျကျ လေ့လာလိုသူများအတွက်လည်းကောင်း၊ MCSA (Microsoft Certified System Administrator) Exam ဖြေဆိုလိုသူများအတွက်လည်းကောင်း၊ကွန်ပျူတာတက္ကသိုလ်တွင် B.C.Tech ဘွဲ့သင်တန်းကို လေ့လာဆည်းပူးလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက်လည်းကောင်း အထူးသင့်လျော်သည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန် ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တွေ့ဆုံအားပေး

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ စက်ရုံစုဒေသ အခြေခံပညာကျောင်းသစ်၌ ကျောင်းအပ်နှံသော ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဆရာ ဆရာမများအား တွေ့ဆုံအားပေး စကားပြောကြားစဉ်။

(သတင်းစဉ်)

ပင်လယ်ငါးနှင့် အယ်လ်ဇိုင်းမား

ပင်လယ်ငါးပုံမှန်စားသုံးပါလျှင် အယ်လ်ဇိုင်းမားရောဂါ ကာကွယ်နိုင်ဟုဆို

ပင်လယ်ငါးကို ပုံမှန်စားသုံးခြင်းသည် အသက်အရွယ်ရလာသည့်အခါ အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေကြောင်း နော်ဝေနိုင်ငံမှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့်ဖြင့် တစ်ကြိမ်စားသုံးလျှင် ငါး ၈၀ဂရမ် ကို ပုံမှန်စားသုံးသွားပါက ဦးနှောက်ဆဲလ်များ သန်စွမ်းမှုကို အထောက်အကူပေးနိုင်ကြောင်း၊ ထို့အပြင် ဦးနှောက်မှတ်ဉာဏ်စွမ်းအား ကောင်းမွန်တိုးတက်စေရန် ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

ငါးတွင်ပါရှိသော အဆီကလည်း သွေးအတွင်းကိုလက်စထရောများပြားနေမှုကို ချေဖျက်နိုင်ကြောင်း၊ ငါးအဆီသည် အိုမီဂါ-၃ဖက်တီးအက်စစ်ပါဝင်မှုကြောင့် ဦးနှောက်ဆဲလ်များကို သန်စွမ်းစေကြောင်း၊ မှတ်ဉာဏ်စွမ်းအား ကောင်းမွန်စေကြောင်း သိရသည်။

ထို့ကြောင့် အသက် ၄၀ကျော် အမျိုးသား အမျိုးသမီးများအနေဖြင့် ငါးကို သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်စားသုံးသင့်ကြောင်း နော်ဝေနိုင်ငံမှ ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ (အင်တာနက်)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊
ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ့အလှဆုံးနှင့် အကြီးဆုံး စာကြည့်တိုက်များ

ကမ္ဘာပေါ်တွင် ဒီဇိုင်းပုံစံ အလှဆုံးနှင့် အကြီးဆုံး စာကြည့်တိုက်များကို ဗဟုသုတဖြစ်စေရန် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ဆွစ်ဇာလန်နိုင်ငံမှ အက်ဘေးစာကြည့်တိုက်

ဆွစ်ဇာလန်နိုင်ငံတွင် ရှေးအကျဆုံး အဆောက်အအုံတစ်ခု ဖြစ်သည်။ ၁၈၀၅ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဗိသုကာပညာရှင်မှာ စိန့်ဂါလန်ဖြစ်သည်။ ရှေးအကျဆုံး ဥရောပအနုပညာလက်ရာများဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး စာအုပ်အမျိုးအစား ပေါင်း ၄၀၀၀၀ နီးပါးရှိသည်။ (ယာပုံ)

အက်ဘေးစာကြည့်တိုက်သည် စာအုပ်များထားရှိမှု၊ ထိန်းသိမ်းမှုနှင့် အေးချမ်းငြိမ်သက်သည့် စာဖတ်ခန်း ၁၀၀ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့် ကမ္ဘာ့အကျော်ကြားဆုံး စာကြည့်တိုက်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ (အင်တာနက်)



ပေါ်တူဂီမှရီရဲကာဘီနီဘီ စာကြည့်တိုက်

ပေါ်တူဂီနိုင်ငံမှ ရီရဲကာဘီနီဘီ စာကြည့်တိုက်သည် ကမ္ဘာ့အဆင့်မီပြီး စာအုပ်အမျိုးအစားပေါင်း ၃၅၀၀၀၀ ခန့် ရှိသည်။ အမျိုးအစားများအလိုက် ခွဲထုတ်ရာတွင် စာအုပ်အရေအတွက် ၄၀၀၀၀၀ ကျော်ရှိသည်။ ရီရဲကာဘီနီဘီ စာကြည့်တိုက်ကို ၁၈၈၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စာကြည့်တိုက်အတွင်း အင်တာနက်ကဏ္ဍပါဝင်သည့်အပြင် စာဖတ်သူ ရာပေါင်းများစွာ လာရောက်ဖတ်ရှုလေ့ရှိကြောင်း သိရသည်။

လာရောက်လေ့လာ

ငြိမ့်ညောင်းသာယာသော ဂီတသံစဉ်များဖွင့်ပေးထားသဖြင့် စာအုပ်စာပေလေ့လာသူများအတွက် စိတ်ဝင်စားဖွယ် စာပေလေ့လာနိုင်သည်။ အဆိုပါ စာကြည့်တိုက်တွင် နေ့စဉ် လေ့လာသူ ၁၀၀ကျော်ခန့် ရှိသည်။ (ဝဲပုံ)

(အင်တာနက်)

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ရုပ်ရှင်ဇာတ်ကား စတင်တီထွင်ထုတ်လုပ်ခဲ့သူ ဂျိမ်းစ်စတူးဝပ်ဘလက်တန်

၁၈၇၅-၁၉၄၁

လူတို့သည် ကမ္ဘာဦးတည်စမှ အစပြု၍ တီထွင်ကြံဆမှုများကို ပြုလုပ်ခဲ့ကြရာ ဤကမ္ဘာလောကကြီးသည် နေ့စဉ်နှင့်အမျှ အစဉ်အမြဲ တိုးတက်လျက်ရှိသည်။ လူတို့သည် ယခင်က လူ့ဘဝ ဇာတ်ကြောင်းကို ရုပ်သေဇာတ်ကားများဖြင့် တင်ဆက်ကြရသည်။

ယင်းကဲ့သို့သော ရုပ်သေဇာတ်ကားများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ပြောင်းလဲတီထွင်ဖန်တီးခဲ့သူမှာ ဂျိမ်းစ်စတူးဝပ်ဘလက်တန် သို့မဟုတ် ဂျေစတူးဝပ်ဘလက်တန်**(ယာပုံ)** ဖြစ်သည်။

အခြေချ

ဂျိမ်းစ်စတူးဝပ်ဘလက်တန် အား ၁၈၇၅ ခုနှစ် ဇန်နဝါရီ ၅ရက်တွင် အင်္ဂလန်နိုင်ငံ ယော့ခ်ရှိုင်းယားနယ် ရှက်ဖီးလ်မြို့၌ မွေးဖွားခဲ့သည်။ ဘလက်တန် (၁၀)နှစ်သားအရွယ် ၁၈၈၅ ခုနှစ်တွင် သူနှင့်သူ၏မိသားစုသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့သည်။ ၁၈၉၄ ခုနှစ်တွင် ဘလက်တန်သည် အဲလ်ဘတ်အီးစမစ်သ်၊ ရော်နယ်အေရီဒါတို့နှင့်အတူ ဖက်စပ်လုပ်ငန်းတစ်ခု တည်ထောင်ခဲ့သည်။ ဘလက်တန်သည် ယင်းအဖွဲ့တွင် ကာတွန်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ရီဒါကမူ ၎င်းတို့တည်ထောင်ထားသော လုပ်ငန်းကို လည်ပတ်လုပ်ကိုင်ပေးခဲ့သည်။

မအောင်မြင်

ဘလက်တန်တို့သုံးဦး ဖွဲ့စည်းတည်ထောင်ခဲ့သောလုပ်ငန်းမှာ မအောင်မြင်သဖြင့် မူလအလုပ်များကိုသာ အသီးသီး ပြန်လည်လုပ်ကိုင်ခဲ့ကြရသည်။ ဘလက်တန်သည် နယူးယောက်အီးဗီးနီးဝေါလ် သတင်းစာတွင် သတင်းထောက် ပန်းချီဆရာအဖြစ် အဆုံးတိုင်လုပ်ကိုင်ခဲ့သည်။

ရေးသားပြုစုစေခဲ့

၁၈၉၆ခုနှစ်တွင် သောမတ်စ်အက်ဒီဆင်သည် ပထမဦးဆုံး ရုပ်သေဇာတ်ကားပြစက်များအနက်မှ တစ်ခုဖြစ်သည့် ဗိုက်တာစကုပ်တီထွင်မှုကို လူသိရှင်ကြား ထုတ်ဖော်ကြေညာခဲ့ရာ ၎င်းအား တွေ့ဆုံမေးမြန်း သတင်းရယူရန် ဘလက်တန်အား သတင်းစာက တာဝန်ပေးခဲ့သဖြင့် သွားရောက်တွေ့ဆုံခဲ့ရသည်။ ထိုသို့သွားရောက်တွေ့ဆုံခြင်းသည် ရုပ်ရှင်ဇာတ်ကား မည်ကဲ့သို့ ထုတ်လုပ်ရမည်ကို ဘလက်တန်အား အထောက်အကူ ရရှိစေခဲ့သည်။ အက်ဒီဆင်သည်၎င်း၏ ရုပ်သေဇာတ်ကားပြစက်ကို ပြည်သူများအကြား ကျယ်ပြန့်စွာသိရှိစေရန် ဘလက်မာရီယာအမည်ရှိ ၎င်း၏ အလုပ်ခန်းသို့ ဘလက်တန်အား ခေါ်ယူကာ ၎င်း၏လုပ်ငန်းအကြောင်းကို ရေးသားပြုစုစေခဲ့သည်။

မြှုပ်နှံလုပ်ကိုင်ခဲ့

ဘလက်တန်သည် အက်ဒီဆင်နှင့် အနီးကပ်နေထိုင်ရင်း ၎င်း၏အနုပညာဖြင့် ဝင်ရောက်တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်ရန် နည်းလမ်းများ ရရှိခဲ့သည်။ ထို့အပြင် ဘလက်တန်သည် ၎င်း၏ လုပ်ဖော်ကိုင်ဖက် စမစ်သ်အား အက်ဒီဆင်၏ ရုပ်သေဇာတ်ကားပြစက် ဗိုက်တာစကုပ်နှင့်တကွ ကျန် ပြစက်ကိုးခုကို ဝယ်ယူစေခြင်းဖြင့် ဘလက်တန်နှင့်စမစ်သ်တို့သည် အက်ဒီဆင်၏ ရုပ်သေပြစက်များအကြား မြှုပ်နှံလုပ်ကိုင်ခဲ့ကြသည်။

ကြိုးပမ်းခဲ့

ဘလက်တန်နှင့် စမစ်သ်တို့သည် ၎င်းတို့ဝယ်ယူပိုင်ဆိုင်ထားသော ပြစက်များအတွက် ၎င်းတို့ကိုယ်ပိုင် ဇာတ်ကားသစ်များကို တီထွင်ရန် ကြိုးပမ်းလာခဲ့ကြသည်။ ဤတွင်ပင် အမေရိကန် ဗိုက်တာဂရပ်ကုမ္ပဏီ စတင်ပေါ်ထွန်းလာခဲ့သည်။ ယင်းကာလအတွင်း ဘလက်တန်သည် ဗိုက်တာဂရပ်ကုမ္ပဏီကို လုပ်ငန်းလည်ပတ်စေရုံသာမကဘဲ ထုတ်လုပ်ခြင်း၊ ညွှန်ပြခြင်း၊ စာရေးခြင်းနှင့် ၎င်း၏ ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်သည်အထိပင် လုပ်ကိုင်ခဲ့သည်။

တင်ပြနိုင်ခဲ့

ထိုစဉ်ကတည်းကပင် ဘလက်တန်၏ ကုမ္ပဏီသည် အကျိုးအမြတ်များ ချက်ချင်းတစ်ဟုန်ထိုး တိုးတက် မြတ်စွန်းခဲ့သောကြောင့် ဦးနှောက်ထဲတွင် ပေါ်လာသော အကြံဉာဏ်ကို အကောင်အထည်ဖော်ရန် ကြိုးစားမည်ဟု စိတ်ထဲတွင် ပိုင်းဖြတ်ထားခဲ့သည်။ ရုပ်သေဇာတ်ကား အမြောက်အမြား ထုတ်လုပ်ပြီးသောအခါ ရုပ်သေဇာတ်ပုံများကို သက်ဝင်လှုပ်ရှားစေသည့် ရုပ်ရှင်ဇာတ်ကားများအဖြစ် တိုးတက်အောင် တီထွင်ခဲ့သည်။ ဘလက်တန်သည် စောစောပိုင်းက ရိုက်ကူးထုတ်လုပ်ခဲ့သည့် "The Enchanted Drawing" အမည်ရှိ ပထမဦးဆုံးရုပ်ရှင်ကားကို နောက်တစ်နှစ်အကြာ ၁၉၀၀ပြည့်နှစ်တွင်မှ ပြည်သူများအား တင်ပြနိုင်ခဲ့သည်။

အောင်မြင်စွာထုတ်လုပ်

ရုပ်သေဇာတ်ကားများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ပီပီပြင်ပြင်ကူးပြောင်းနိုင်မှုမှာ ၁၉၀၅ခုနှစ် ဝန်းကျင်ရောက်မှသာ စတင်ခဲ့သည်။ တစ်နေ့သောအခါ အဆောက်အအုံတစ်ခု၏ ခေါင်မိုးပေါ်တွင် ဇာတ်ဝင်ခန်းရိုက်ကူးနေစဉ် ၎င်းအဆောက်အအုံကို လျှပ်စစ်မီးပေးသည့် လျှပ်စစ်ဓာတ်အားပေးစက်မှ ထွက်လာသော ရေနွေးငွေ့များလှိုင်းတံပိုးထကာ ရိုက်ကွင်း၏နောက်တွင် နောက်ခံကားအဖြစ် အလိုအလျောက် ဖြစ်ပေါ်နေပြီး ရုပ်ငြိမ်ဓာတ်ပုံများကို လှုပ်ရှား သက်ဝင်လာစေခဲ့ရာမှ အစပြုအခြေခံကာ ရုပ်ငြိမ်ဖလင်များကို အမြန်နှုန်း အသင့်အတင့်ရှိ စက်ဖြင့် ဆွဲယူလည်ပတ် ပြသခြင်းဖြင့် ရုပ်ပုံများကို လှုပ်ရှားစေကာ ရုပ်သေ ဇာတ်ကားများမှ တစ်ဆင့် ရုပ်ရှင်ကားများအဖြစ် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၀၆ခုနှစ်တွင် ဘလက်တန်သည် "Humorous Phases of Funny Faces" ရုပ်ရှင်ကားကို ရိုက်ကူးကာ ပီပြင်သော ရုပ်ရှင်ဇာတ်ကားအဖြစ် အောင်မြင်စွာ ထုတ်လုပ်ပြသနိုင်ခဲ့သည်။

ပျက်စီးဆုံးရှုံး

ဘလက်တန်သည် ၁၉၀၇ခုနှစ်တွင် "Haunted Hotel" အမည်ရှိ နာမည်ကျော် ရုပ်ရှင်ကားကို ရိုက်ကူးနိုင်ခဲ့သည်။ ဘလက်တန်သည် ၁၉၁၇ ခုနှစ်တွင် ဗိုက်တာဂရပ် ကုမ္ပဏီမှ ခွဲထွက်ကာ သီးခြား ရုပ်တည်ခဲ့သည်။ ၁၉၂၃ ခုနှစ်တွင်မူ ယင်းကုမ္ပဏီမှ အဲလ်ဖရက်ဒ်စမစ်သ်နှင့် ပြန်လည်တွဲဖက် လုပ်ကိုင်ခဲ့သည်။ ၁၉၂၅ခုနှစ်တွင် စမစ်သ်သည် ၎င်း၏ကုမ္ပဏီကို ဝါနာညီအစ်ကိုများသို့ အမြတ်အစွန်းအသင့်အတင့်ဖြင့်ရောင်းချခဲ့သည်။ ဘလက်တန်သည် ယင်းသို့ ရောင်းချခဲ့သည့် စမစ်သ်ထံမှ ထိုက်တန်စွာရရှိခဲ့သော ၎င်း၏ရှယ်ယာများကို စုထားခဲ့ရာ ၁၉၂၉ခုနှစ်တွင် ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရသည်။

လိုက်လံပြသ

ရုပ်ရှင်လောက၌ ကား၂၅ကားတွင် ဒါရိုက်တာ၊ ၁၅ကားတွင် ထုတ်လုပ်သူ၊ ၁၀ကားတွင် အစီအစဉ်တင်ဆက်သူ၊ ၂၉ကားတွင် ကြီးကြပ်သူ၊ ၂၃ကားတွင် သရုပ်ဆောင်၊ ၁၂ကားတွင် စာရေးဆရာ၊ ငါးကားတွင် ရိုက်ကူးရေး ပညာရှင်၊ နှစ်ကားတွင် အယ်ဒီတာ၊ လေးကားတွင် အလုံးစုံတာဝန်ယူ သရုပ်ဆောင်ရိုက်ကူးခဲ့သူ၊ အမေရိကန် အသံတိတ်ခေတ် ရုပ်ရှင်ထုတ်လုပ်သူ၊ ဗိုက်တာဂရပ် စတီဒီယိုတည်ထောင်သူ၊ ရုပ်သေနှင့်ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ခဲ့သူ ဂျိမ်းစ်စတူးဝပ်ဘလက်တန်သည် နောက်ပိုင်းကာလများတွင် ၎င်း၏ရုပ်ရှင်ဇာတ်ကားဟောင်းများကို လမ်းမကြီးများတွင် လိုက်လံပြသရင်း၊ ၎င်း၏ အသံတိတ်ခေတ် ဇာတ်ကားများအကြောင်း ဟောပြောပို့ချရင်း ၁၉၄၁ခုနှစ် ဩဂုတ် ၁၃ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့တွင် ၎င်းဘဝတစ်သက်တာ စိတ်ဝင်စားစွာ မြှုပ်နှံလုပ်ကိုင်ခဲ့သောရုပ်ရှင်လောကကြီးကို ကျောခိုင်းသွားခဲ့ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင်ရေးသားသည်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
နေပြည်တော်တွင်နေရာချထားမည့် ဥတ္တရသီရိမြို့ကွက်နှင့် ဒက္ခိဏသီရိမြို့ကွက်အတွက် မြေကွက်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော် ဥတ္တရသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့အား အောက်ပါအချက်အလက်များဖြင့် ဖော်ထုတ်ပြီး ဖြစ်ပါသည်-

(က) **မြေကွက်အရွယ်အစား။** ပေ ၁၂၀×၁၂၀ မြေကွက်၊ ပေ၁၀၀×၁၀၀မြေကွက်၊ ပေ ၈၀×၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်၊

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့်ရေစီးရေလာစနစ်များ ဆောင်ရွက်ပေးမည်၊

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံ အစရှိသည့် လူမှုရေး အဆောက်အအုံများအပြင် စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ အင်းဝဘဏ်နှင့် ကမ္ဘောဇဘဏ်များ ဆောက်လုပ်ပေးပြီးဖြစ်သည်။

၂။ မြေကွက်လျှောက်ထားသူများသည် အောက်ပါအချက်အလက်များအား လိုက်နာရမည်-

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် အောက်ဖော်ပြပါနှုန်းထားအတိုင်း ငွေပေးသွင်းရမည်။

(၁) အကျယ်ပေ ၁၂၀ × ၁၂၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၄၀၊

(၂) အကျယ်ပေ ၁၀၀ × ၁၀၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၃၀၊

(၃) အကျယ်ပေ ၈၀ × ၈၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၂၀၊

(ခ) အမှန်တကယ်နေထိုင်ရန်လိုအပ်ပါက မြေကွက်နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ်နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာဖြစ်သဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုပါ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ်(သို့မဟုတ်) နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်။

(စ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်။ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသည့် အိမ်ပုံစံကို ကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဆ) သတ်မှတ်မြေကွက်တစ်ကွက်တွင် အိမ်တစ်လုံးထက်ပို၍ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ ဆောက်လုပ်ခြင်းအား ခွင့်မပြုပါ။

(ဇ) နေရာချထားပေးပြီး အနည်းဆုံးသုံးလအတွင်း အဆောက်အအုံ စတင်ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့် လျော်ကြေးမှမပေးဘဲ မြေကွက်အား ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အအုံ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်း မပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည်ဆိုပါက သတ်မှတ် မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့်ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့် မပြုပါ။

၃။ မြို့ကွက်သစ်လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင်ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ၊

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ဖူးခဲ့သူသော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူသော်လည်းကောင်း မဖြစ်စေရ၊

၄။ မြေကွက်လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဆက်သွယ် စုံစမ်းလျှောက်ထားနိုင်ပါသည်။

စုံစမ်းရန် ဖုန်းနံပါတ်-၀၆၇-၄၀၄၂၉၂၊ ၀၆၇-၄၁၄၆၆၇၊၀၆၇-၄၁၄၂၀၂၊၀၆၇-၄၁၄၂၀၄။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၇၆၇၅ ရှိုင်းရေး-110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်အက်အောင် ၁၃/ဟပတ (နိုင်) ၀၁၄၄၁၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(လားရှိုး)။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၄၀၀၆၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူပြာစမ်း ၉/ပမန (နိုင်)၀၂၆၂၃၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(နေပြည်တော်)။

အမည်ပြောင်း

အဖဦးကျော်နိုင်စိုး၇/ဇကန(နိုင်) ၀၀၅၀၁၃၏ သားနှင့်သမီး ရန်ကုန်မြို့ အထက(၁)ဒဂုံ တတိယတန်း (F) မှမောင်ထက်သူရအား မောင်ထက်ပိုင်လင်းဟု လည်းကောင်း၊ မထက်သီရိအား မထက်မေလင်းဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မောင်ထက်ပိုင်လင်း၊
မထက်မေလင်း။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

HAPPY
ဗလာစာအုပ်
သုံးကြည့်ပါ၊ ကြိုက်သွားမှာပါ။

UD GROUP CO.,LTD.
မီးစက်
5 kW
10 kW
20 kW
24 kW
30 kW
50 kW
Ph: 01-522107
09-8033292

ပေါက်ခေါင်းမြို့နယ်၌ ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းတာဝန်ပေးအပ်

ပေါက်ခေါင်း မေ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၁၅ရက် နံနက်၁၀နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မီမီအောင်က စီမံကိန်းတာဝန်ပေးအပ်မှုနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

တာဝန်ပေးအပ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများထံသို့ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ပြီး**(အပေါ်ယာပုံ)** ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စများ ပြန်လည်ဆွေးနွေးကြသည်။ **(မြို့နယ် ထွေ/အုပ်)**

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး မိုင်းဖြတ်တွင် ပညာပေးဟောပြော

မိုင်းဖြတ် မေ ၁၉

မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေးဟောပြောပွဲကို မေ ၁၈ ရက် နံနက် ၁၀နာရီက ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ပညာပေးဟောပြောပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသိန်းထွန်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၁၀၀ကျော် တက်ရောက်ကြသည်။

ပညာပေးဟောပြောပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြင့်က ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဒေါက်တာအောင်သူမျိုးက ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် လူနှင့်ဆက်စပ်မှုအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ပြောကြားပြီး နံနက် ၁၁ နာရီတွင် ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ဇီဝဘက်ထရီ ပြုလုပ်သုံးစွဲမှု လက်တွေ့ပြသပွဲ လားရှိုး၌ကျင်းပ

လားရှိုး မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရွှေလီမြက်ခင်းပြင်၌ ဇီဝဘက်ထရီပြုလုပ်သုံးစွဲမှု လက်တွေ့ပြသရှင်းလင်းပွဲကို မေ ၁၄ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်သည်။

အလွယ်တကူရရှိနိုင်သော စွန့်ပစ်ဓာတ်ခဲများ၊ ကျေးလက်ဒေသရှိ နွားချေး၊ အိမ်သုံးဆားတို့ဖြင့် ဇီဝဘက်ထရီပြုလုပ်ကာ ပလတ်စတစ်ခြင်းများ၊ ဝါးများဖြင့် မီးအိမ်အမျိုးမျိုးပြုလုပ်ကာ ဇီဝဘက်ထရီပေါင်း ၁၂၀၀ကို တစ်ပြိုင်နက် ထွန်းညှိပြသခဲ့သည်။ **(အောက်ပုံ)**

ကွင်းဆင်း

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အနေဖြင့် ပြည်နယ်အတွင်း တောင်ပေါ်ကျေးလက်ဒေသများ၌ အသုံးပြုနိုင်ရေးအတွက် အဖွဲ့များဖြင့် ကွင်းဆင်းကာ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဥက္ကဋ္ဌနှင့် ပြည်နယ်အတွင်းရေးမှူး ဦးခိုင်ထွန်းဦး၊ ပြည်နယ်စီမံကိန်းဦးစီးမှူး ဦးဌေးအောင်၊ လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုပ်ငန်းရှင်များ တက်ရောက်လေ့လာကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နွေစပါးစိုက်ကေများသို့ ရေပေးဝေနိုင်ရေး ကင်းတားလက်ဝဲမြောင်း ရေဆိုးထုတ်ပြွန် ပြန်လည်ပြုပြင်

နေပြည်တော် မေ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ လိုက်ပါလျက် မေ ၂၃ရက်တွင် မြစ်သားမြို့နယ်ရှိ မြင်းခြံ-ရေဝန်းလမ်း ပြန်လည်ပြုပြင်ခြင်းနှင့် ကတ္တရာဖြင့် လမ်းအနိမ့်အမြင့်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြစ်သားမြို့နယ် တောင်တွင်းကျေးရွာအနီးရှိ ကင်းတားလက်ဝဲမြောင်း ရေဆိုးထုတ်ပြွန် ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက နွေစပါးစိုက်ကေများသို့ ရေပေးဝေနိုင်ရေးအတွက် အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တောင်တွင်းကျေးရွာမှ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျေးလက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကမ်းခြေဒေသကို ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်

ရန်ကုန် မေ ၂၅

မေ ၂၅ရက် မြန်မာစံတော်ချိန် ညနေ ၆နာရီ ထုတ်ပြန်ချက်

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (အိုင်လာ)သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကမ်းခြေဒေသကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

လေးထပ်မြင့် အဆောက်အအုံပေါ် နေ့စဉ် ဆင်းတက်လျှင် အဆစ်အမျက်ရောင်နှင့် အရိုးပွရောဂါတို့ ကာကွယ်နိုင်

အသက် ၄၀ကျော် အမျိုးသားအမျိုးသမီးများအနေဖြင့် အထပ်မြင့် အဆောက်အအုံနှင့် လှေကားထစ်များကို နေ့စဉ် အနည်းဆုံး နှစ်ကြိမ်ခန့် တက်ရောက်ပေးပါက အဆစ်အမျက်ရောင်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံ ပညာရှင်များက ပြောကြားသည်။

အထပ်မြင့်အဆောက်အအုံတွင် အမြင့်ဆုံးလေးထပ်နှင့် ငါးထပ်ရှိအဆောက်အအုံများဖြစ်ပြီး နှစ်ထပ်အိမ်များ၌ နေထိုင်သူများသည် အပေါ်အောက်အဆင်းအတက် အခေါက်အရေအတွက် အနည်းဆုံး လေးကြိမ်ခန့် နေ့စဉ်ဆင်းတက်ပေးသင့်ကြောင်း ၄င်းတို့က အကြံပြုထားသည်။

ပြောကြား

ထိုသို့အဆင်းအတက် နေ့စဉ်ပုံမှန်ပြုလုပ်ပေးပါက ကိုယ်အလေးချိန် လျော့ကျစေခြင်း၊ နှလုံးနှင့်အဆုတ်တို့၏ ကျန်းမာရေးကို အထောက်အကူပြုခြင်းတို့အပြင် အရိုးပွခြင်းနှင့် သွေးအတွင်း ကိုလက်စထရော ကျဆင်းခြင်းတို့ဖြစ်စေကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ အထပ်အမြင့်ကို အတက်အဆင်းပြုလုပ်ခြင်းသည် အဆစ်အမျက်ရောင်ရောဂါအပြင် အခြားရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ၄င်းတို့က ထုတ်ဖော်ပြောကြားသည်။

ထင်းရှူးတောနှင့် စိုက်ပျိုးသီးနှံတို့ဖြင့် စိမ်းစိုဝေစည်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း)၏ မောမြေဦး သို့မဟုတ် ကလောမြို့

သတင်းခရီးသည် - ဝင်းကျော် ❐ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ❐ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ကလော မေ ၂၅

ပြေပြစ်သော တောင်ကုန်းတောင်တန်းများနှင့် လှပသောထင်းရှူးတောများက အေးမြသော နံနက်ခင်းနှင့် ပနံရလှသည်။ တောင်ကုန်းများပေါ်၌ လှေကားထစ်ပုံစံ စိုက်ထားသော သီးနှံခင်းများ၊ ပြန့်ပြူးသောမြေနိမ့်၌ စိမ်းစိုသော ရာသီအလိုက် သီးနှံပင်များ တည်ရှိနေပုံမှာ သဘာဝဆေးသား ခြယ်သထားသည်သို့ ကြည့်၍မဝနိုင်အောင် ဖြစ်ရသည်။ ထိုနေရာကား ရှမ်းပြည်နယ်(တောင်ပိုင်း)၏ တံခါးဝ ဝင်ပေါက်မြို့၊ မောမြေဦး သို့မဟုတ် ကလောမြို့ပင်ဖြစ်သည်။ ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၃၁၅ပေ၌ တည်ရှိသည်။

အေးမြမြ

ရပ်စောက်မြို့မှ သတင်းရယူပြီး ပြန်လာသော သတင်းအဖွဲ့သည် မေ ၁၅ရက် နံနက်တွင် ကလောမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ လမ်းခရီး၌ ဘေးဝဲယာတစ်ဖက်တစ်ချက်ကို ကြည့်လိုက်လျှင် ထင်းရှူးတောတန်းကို အုပ်လိုက်၊ အစုလိုက် တွေ့ရသည်။ တောတောင်များက စိမ်းစိုအုံ့မှိုင်းနေသည်မို့ မေလဖြစ်သော်လည်းမပူဘဲ အေးမြမြရှိလှသည်။

စာမျက်နှာ ၉ ကော်လံ ၁



မှန်ဦး

ကလောမြို့အဝင် မုခ်ဦး အလှနှင့် ပန်းအလှအိုးများကား ဤသို့ ....။ (မြန်မာ့အလင်း)



ကလောမြို့အလှရှုခင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၏ လှပသော မြို့ရှုခင်းကား ဆွတ်ပျံ့ သာမောဖွယ်....။ (မြန်မာ့အလင်း)

26-5 (20).pmd 1 5/26/2009, 1:51 AM